# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၀၅၀)


## နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကောင်းများ ရရှိရေး

ဆောင်းပါး စာ » ၆

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ဆို့နေမှုများကို အဖြေရှာရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်

ပြည်တွင်း စာ » ၇

## အေပက်ခေါင်းဆောင်များ ဆွေးနွေးပွဲ၏ အဓိက အပိုင်းကို စတင်ဆွေးနွေး

နိုင်ငံတကာ စာ » ၁၄

# မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအောင်လှထွန်း၊ ဦးမောင်မောင်ဝင်း၊ ဦးလှမော်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများ၊ စီးပွားရေးသံမှူးများ၊ နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များ၊ UMFCCI မှ နာယကကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



## အပူပိုင်းမုန်တိုင်းငယ် တိုရာဂျီ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ် တိုရာဂျီ (Toraji) သည် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❍


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အဂတိကင်းစင်သည့် နိုင်ငံတော်သို့ . . .

အဂတိတရား လေးပါးရှိသည်။ ဆန္ဒာ ဂတိ၊ ဒေါသာ ဂတိ၊ ဘယာ ဂတိ၊ မောဟ ဂတိ ဟူ၏။ မိမိလိုလားသူ ဖြစ်၍၊ မိမိနှင့် မတည့်၍၊ ကြောက်၍၊ မသိနားမလည်၍ စသောအကြောင်းများကြောင့် မတရားသဖြင့် မမှန်မကန် အဆုံးအဖြတ်ပေးခြင်း၊ ဘက်လိုက်ခြင်းကို အဂတိလိုက်သည်ဟု ယေဘုယျအားဖြင့် ဆို၏။

လာဘ်ပေးလျှင် လိုလား၏။ မိမိလူမဟုတ်လျှင် မိမိ၏ အာဏာကို ပြလို မာန်မဲလို၏။ အင်အားဖြင့် ဖိနှိပ်ခြိမ်းခြောက်လျှင် ကြောက်၏။ အမှန်ကို မမြင်နိုင် နားမလည်နိုင်ခြင်းကြောင့် မသိနားမလည်ဘဲ အဆုံးအဖြတ်ပေးသူ ဖြစ်စေ၏။

မြန်မာနိုင်ငံတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ တရားစီရင်ရေး စသည့် များပြားလှသော နယ်ပယ်များတွင် အဂတိလိုက်စားမှုများကြောင့် မတရားမှုများ၊ မမျှတမှုများကို ပြည်သူတို့ ခံစားနေခဲ့ကြရသည်မှာ ကြာလှပြီဟု ဆိုရပါမည်။ ပြောရမည်ဆိုလျှင် မြန်မာပြည်သူအများစုသည် ခေတ်အဆက်ဆက်မှာ ပေါ်ပေါက်ခဲ့သော အာဏာပိုင်များ၏ အဂတိမကင်းသည့် အဆုံးအဖြတ်များကိုလည်းကောင်း၊ အဂတိနှင့် နီးနွယ်သည့် လာဘ်ပေးလာဘ်ယူမှုတို့၏ ဒဏ်ကိုလည်းကောင်း သိသိသာသာ ခံရခဲ့ရသည်မှာ ရာစုနှစ်ဝက်ပင် ကျော်ပြီဟု ဆိုရပါမည်။

အာဏာပိုင်စိုးခဲ့သူများက တိုင်းပြည်အတွက် ပြည်သူအတွက်ဟူ၍ နှုတ်ဖျားက မချတမ်းပြောခဲ့ကြပြီး လက်တွေ့မှာ အာဏာပိုင်များ၊ ၎င်းတို့နှင့် ဆွေရင်းမျိုးရင်းများ၊ အတူပူးပေါင်းကြသည့် စီးပွားဖက်များသာ ချမ်းသာကြွယ်ဝသွားခဲ့ကြပြီး ပြည်သူလူထုအများစုကဖြင့် ဆင်းရဲမွဲတေမှုနွံထဲမှာ နစ်ပြီးရင်းနစ်ရင်း နေခဲ့ကြရသည်။

သည်ကနေ့လို ပြည်သူလူထုက ရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်နေသော ပြည်သူ့အစိုးရလက်ထက်တွင် ပြည်သူတို့၏ အမြင့်မားဆုံး ရည်မှန်းချက်များထဲက တစ်ခုသော ရည်မှန်းချက်မှာ တိုင်းပြည်တွင်းမှာ အဂတိကင်းစင်ရေးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပြည်သူ့အစိုးရအဖြစ် ပြောင်းလဲလာချိန်မှာ ပြည်သူတို့ အပြောင်းလဲကြီး ပြောင်းလဲစေချင်ကြသည်မှာ အဂတိတရားတို့ဖြင့် ညစ်ထေးနေသည့် မြန်မာ့လူမှုအဖွဲ့အစည်းမှသည် အဂတိတရား ကင်းစင်သန့်ရှင်းသည့် လူမှုဝန်းကျင် အနေအထားအဖြစ်သို့ ပြောင်းလဲရေး ဖြစ်ပါသည်။

ဤသည်မှာ ပြည်သူလူထု၏ သဘာဝကျသည့် ဘဝအမြင်အယူအဆဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံတစ်ခုလုံး ဆင်းရဲတွင်းသို့ စုံးစုံးနစ်မြုပ်သွားခဲ့ရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ အလွန်အမင်း အဂတိလိုက်စားသူများကြောင့် ဖြစ်ခဲ့သည်မှာ မငြင်းနိုင်ပါ။

နိုင်ငံရေး၊ စီးပွားရေး၊ တရားစီရင်ရေး၊ လူမှုရေး နေရာတကာတွင် အဂတိများဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြသည်။ အဂတိနှင့်အတူတွဲလျက်ပါလာသည့် လာဘ်ပေးလာဘ်ယူကိစ္စက ပြည်သူတို့ကြား နားနှင့်မဆန့်အောင် ကြားသိနေရာမှ နောင်တွင် လက်ဖက်ရည်ဖိုးဟူသည့် အသုံးအနှုန်းတွင်ကျယ်ကာ လာဘ်ဟူသည်မှာ တရားဝင်ကိစ္စသဖွယ် ဖြစ်လာခဲ့သည်။

ဤသည်မှာ ယနေ့ထိတိုင် ရှင်းလင်းထင်ရှားနေသော မည်သို့မှ မငြင်းဆန်နိုင်သည့် အဓိကအကြောင်းရင်း ဖြစ်ပါသည်။ တော်ရုံ ရာထူး တာဝန် အဆင့်အတန်းနှင့် အရာရှိတစ်ဦးထံတွင် သာမန်ပြည်သူတစ်ဦး စိတ်ကူးဖြင့် ပုံဖော်ရန်ပင် မတတ်နိုင်သော ချမ်းသာကြွယ်ဝမှု ရှိနေသည်။ မည်မျှလောက်ဟူ၍ ခန့်မှန်းမသိနိုင်လောက်သော်လည်း ခန့်မှန်းနိုင်သည်ထက်ပိုသော ချမ်းသာကြွယ်ဝမှုများ ရှိသည်ဆိုသည်မှာ လူတိုင်းသိနေကြသည့် လျှို့ဝှက်ချက်များဟုပင် ဆိုနိုင်ပါ၏။

နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံး၊ အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ဖြစ်နေသော်လည်း ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင်ဖြစ်နိုင်သော သူဌေးကြီးများက သည်နိုင်ငံထဲမှာပဲ ရှိနေသည်။ ထိုသူဌေးကြီးများထဲမှာ အဂတိကင်းကင်းဖြင့် ကြီးပွားချမ်းသာသူက အနည်းစုလား အများစုလား ဆိုသည်ကလည်း သန်းခေါင်စာရင်းကောက်ယူစရာမလို။ မည်သို့သောသူများ ဤမျှလောက် ချမ်းသာကြွယ်ဝနေသည် ဆိုသည်ကလည်း အထူးသတင်းထောက်လှမ်းရန်ပင်မလို။

မည်သို့သော အကြောင်းပြချက်များပေးပေး အာဏာနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ခဲ့သူများက ပါဝင်ပတ်သက်သည်များကို တွေ့ရပါမည်။ လုပ်ပိုင်ခွင့်ရှိသူများကြား အဂတိလိုက်စားမှု တွင်ကျယ်နေခဲ့သည်မှာ နိုင်ငံနှင့် အဂတိသည် တွဲလျက်တည်ရှိသည့် အမှတ်အသားတစ်ခုကဲ့သို့ပင် ဖြစ်နေပြီ။

သည်နေ့လို ပြည်သူ့ကိုယ်စားလှယ်အများစုနှင့် ဖွဲ့စည်းခွင့်ရလာသည့် ပြည်သူ့အစိုးရခေတ်ကို ရောက်လာသည့်အချိန်တွင်မူ အဂတိ သန့်ရှင်းကင်းစင်ရေးက အရေးကြီးသော ရည်မှန်းချက်ဖြစ်လာသည်။ နိုင်ငံတော်သမ္မတကြီး၏ အဂတိနှင့်ပတ်သက်၍ အရေးတယူ ရည်ညွှန်းပြောဆိုကာ စီမံချက်များ ချမှတ်ခဲ့သည်ကလည်း အဂတိကို ထိထိရောက်ရောက် ကိုင်တွယ်ကြရေးအတွက် တပ်လှန့်သံဖြစ်ပါ၏။

နှစ်ပေါင်းများစွာ အမြစ်တွယ်နေသည့် အနေအထားများကြောင့် ရုတ်တရက်ချက်ချင်း တစ်နိုင်ငံလုံး အဂတိတရားကင်းစင်သွားဖို့ ခက်ကောင်းခက်နေမည်ဖြစ်သော်လည်း ရှင်းလင်းခိုင်မာသည့် စည်းကမ်း၊ ပြတ်သားသော ဆောင်ရွက်ချက်တို့ဖြင့် အမှန်တကယ် ဆောင်ရွက်မည်ဆိုသည့် ပိုင်းဖြတ်ချက် ဆုံးဖြတ်ချက်ရှိလျှင် အနိမ့်ဆုံးအားဖြင့် အဂတိနှင့် လာဘ်ပေးလာဘ်ယူ အကြီးစားများကို မုချရှင်းလင်း အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး) လေးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၈**

အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)၏ လေးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ Job Fair နှင့် Project ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမိုး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်တို့က လေးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့က သတ်မှတ်နေရာများတွင် အမှတ်တရကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။

**သီအိုရီနှင့် လက်တွေ့ပေါင်းစပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ရေးဆွဲချမှတ်ခဲ့ပြီး အဆင့်မြင့်ပညာ၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာ ကဏ္ဍတို့တွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများသည် သီအိုရီနှင့် လက်တွေ့ပေါင်းစပ်ပြီး စီးပွားရေးအတွေးအမြင်များ၊ ဗဟုသုတများ၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို လက်တွေ့အသုံးချ ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကကဏ္ဍဖြင့် ချိတ်ဆက်ပြီး သင်ကြားနိုင်ပါက TVET ပညာရေးတွင် များစွာအကျိုးရှိမည် ဖြစ်ကြောင်း။

ထို့အပြင် ခရီးသွားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့အပြင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ ကြိုးပမ်းအားထုတ်မှုနှင့်အတူ စက်မှုလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)မှ ကျောင်းသား ကျောင်းသူများကို ဘာသာရပ်နှင့်ဆက်နွယ်သော အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ချိတ်ဆက်ရရှိလာနိုင်ရန်နှင့် စက်မှုလုပ်ငန်းရှင်များ၏ Product များကို တစ်နေရာတည်းတွင် ကျောင်းသားများကို လေ့လာနိုင်ရန်အတွက် ယခုကဲ့သို့ Job Fair များဆောင်ရွက်ပေးနိုင်သည့်အတွက် ဝမ်းမြောက်ကြောင်း၊ TVET ပညာရေး၏ အဓိကအချက်သည် ကျောင်းနှင့် စက်မှုလုပ်ငန်းတို့ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်မှုပင်ဖြစ်ကြောင်း၊ ကျောင်းနှင့် စက်ရုံအလုပ်ရုံများ၏ လိုအပ်ချက်များကို အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်မှသာ သက်မွေးပညာရေးသည် အောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း လိုအပ်သည့် ကျွမ်းကျင်မှုများ၊ လုပ်ငန်းခွင်များတွင် လိုအပ်သော အရည်အချင်းပြည့်ဝသည့် နည်းပညာရှင်များနှင့် ကျွမ်းကျင်လုပ်အားများရရှိနိုင်ပြီး မိမိတို့၏လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Save The Environment Project တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် GIZ Myanmar မှ တာဝန်ရှိသူတစ်ဦး၊ ဆရာ ဆရာမများကိုယ်စား ဆရာတစ်ဦးနှင့် ကျောင်းသားကိုယ်စားလှယ်တစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် Job Fair နှင့် Project Show များတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

## အလှူရှင်များလှူဒါန်းသော ကျောင်းဆောင်သစ် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် မင်းဇီ ကျေးရွာအုပ်စု သိုက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးသွားသောကြောင့် ဖွင့်ပွဲနှင့် ကျောင်းဆောင် သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာ မူလတန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်နှင့် ကျောင်းဆောင်သစ်အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးတို့က အမှာစကားပြောကြားကြကာ အလှူရှင်များဖြစ်သည့် Rotary Clup of Central Yangonနှင့် Zwekapin Valley Resort and Spa တို့မှ တာဝန်ရှိသူများက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် မှတ်တမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီးက ပညာရေးဝန်ကြီးဌာနကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ ကျောင်းဆောင်သစ်မှာ ပေ (၉၀×၃၀) သံကူကွန်ကရစ်၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလှူရှင်များက ပရိဘောဂအပါအဝင် ငွေကျပ်သိန်း ၆၀၀ ကျော် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12/ M-13/M-14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi- Submersible Drilling Unit " HAKURYU-5 " (Call Sing: 3FZL6) ဖြင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

တွင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်မည့်တည်နေရာကိုဖော်ပြသည့် Coordi- nates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Sr.No | Latitude | Longitude |
|---|---|---|
| Yetagun Platfrom | 13˚ 02' 57.563" N | 96˚ 52' 07.736" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M-14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi- Submersible Drilling Unit " HAKURYU-5" (Call Sign: 3FZL6) ဖြင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊**
**ပြည်ထောင်စု ငြိမ်းချမ်းရေးပူးပေါင်းပါဝင်တည်ဆောက်စို့။**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂-၁၂-၂၀၁၈)

## ၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
- တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် UMFCCI အသင်းချုပ်၏ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အစိုးရသစ်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးမူဝါဒ ၁၂ ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan 2018-2030 –MSDP) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ယခုဆိုလျှင် နိုင်ငံတော်အနေဖြင့် ပြည်တွင်းရှိ စိုက်ပျိုးထုတ်လုပ်မှုနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာအောင် အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် မူဝါဒ၊ ဥပဒေများ၊ နည်းဥပဒေများ ရေးဆွဲရာတွင် အသင်းချုပ်အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ UMFCCI အနေဖြင့် SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများမှ စီးပွားရေးအဖွဲ့များနှင့် ပူးပေါင်း၍ Business Matching များကို ကျင်းပပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်သည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ အသင်းချုပ်ကြီးသည် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ် တက်ကြွစွာ ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကမ္ဘာ့စီးပွားရေး မျက်နှာစာတွင် မြန်မာ့စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဝင်ရောက်နိုင်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး နည်းပညာများ၊ အတတ်ပညာများကို စနစ်တကျ လွှဲပြောင်းရယူခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ အသင်းချုပ်အနေဖြင့် စီးပွားရေးကဏ္ဍများအလိုက် အားနည်းချက်၊ အားသာချက်များကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး ညီနောင်အသင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း မကြာမီရောက်ရှိလာမည့် နှစ် ၁၀၀ မှသည် နောင်နှစ်ပေါင်းများစွာတိုင် အင်အားကြီးမားသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ ကိုယ်စားပြုအသင်းကြီးအဖြစ် အဓွန့်ရှည်တည်တံ့ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာတို့ကို အသင်းချုပ်မှ တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# လမ်းသစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း ရတနာပိုင်တိုင် စိုက်ထူခြင်းမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ ပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နေထိုင်မှု အဆင်ပြေစေရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စေပိုင်ဖွံ့ဖြိုးမှုလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော လမ်းသစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်း ရတနာပိုင်တိုင်စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြားရှိ လမ်းသစ်အိမ်ရာစီမံကိန်းဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လမ်းသစ်အိမ်ရာပြန်လည်ဖွံ့ဖြိုးမှုစီမံကိန်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝ မရှိမဖြစ်လိုအပ်သည့် အခြေခံအရေးသုံးပါးဖြစ်သည့် စား၊ ဝတ်၊ နေရေးအနက် တစ်ရပ်အပါအဝင်ဖြစ်ပါကြောင်း။

**ပြည်သူများအတွက် နေရေးသည် အဓိက**

နိုင်ငံသူ နိုင်ငံသားများ၏ အခြေခံလိုအပ်ချက် သုံးခုဖြစ်သည့် စား၊ ဝတ်၊ နေရေးဆိုသည့် အချက် (၃)ချက်ထဲတွင် ပြည်သူများအတွက် နေရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဦးဆောင်မှုဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းပြီး ရန်ကုန်မြို့၊ မန္တလေးမြို့ အပါအဝင် နိုင်ငံတစ်ဝန်း၌ ခေတ်မီအိမ်ရာများ ပေါ်ပေါက်လာစေရေး၊ ပြည်သူများ အိမ်ပိုင်ဆိုင်မှု တိုးတက်လာစေရေး၊ အစဉ်တစိုက် စီမံဖော်ဆောင်လျက်ရှိပါကြောင်း။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး ပကတိ လူမှုစီးပွားရေးအခြေအနေအရ အိမ်ရာဈေးနှုန်းမြင့်မားသည့် မြို့လည်းဖြစ်ပြီး စီးပွားရေးပုံစံပြောင်းလဲမှုနှင့် မြို့ပြတွန်းအား၊ ဆွဲအား Pull and Push Factors များကြောင့် အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ ဦးတည်ပြောင်းရွှေ့အခြေစိုက်လာကြသည့်ပြည်သူများမှာ အလွန်များပြားလာပါကြောင်း။

**နေရေးအခက်အခဲ ပိုမိုတိုးပွားလာ**

ရန်ကုန်မြို့တော် ရေရှည်စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေး၊ သင့်တော်သည့်အိမ်ရာများ ပြည်သူများလက်ဝယ်သို့ ရောက်ရှိရေးကို ကြိုတင်ပြင်ဆင်မထားပါက နောင်တွင် ရန်ကုန်သူ ရန်ကုန်သားတို့၏ နေရေးအခက်အခဲ ပိုမိုတိုးပွားလာမည်ဖြစ်ပါကြောင်း။

အနောက်တောင်မြို့သစ်အပါအဝင် ဘေးတိုက်ချဲ့ထွင်ခြင်းနှင့် ယခုလမ်းသစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းကဲ့သို့ ဒေါင်လိုက်ချဲ့ထွင်ခြင်းတို့သည် ကြိုတင်စီမံထားသင့်သည့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များဖြစ်ပါကြောင်း။

ယခုလမ်းသစ် အိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းမှာလည်း PPP စီးပွားရေးပုံစံကို လက်တွေ့အသုံးပြုထားသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပုဂ္ဂလိကရင်းနှီးတည်ထောင်သူ (Developer) ရွေးချယ်ရာတွင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပွင့်လင်းမြင်သာမှုနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့် စနစ်တကျစီမံရွေးချယ်သွားရမည်ဖြစ်ပါကြောင်း။

ပြည်သူများအတွက် သင့်တော်ကောင်းမွန်သောအိမ်ရာများကို အသက်သာဆုံး ဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ အရည်အသွေးယုံကြည်စိတ်ချရသည့် အခြေအနေဖြစ်ရန် တည်ဆောက်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင်လည်း အထူးအလေးထား ဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြို့ပြစီမံကိန်းများကို ပြန်လည်တည်ဆောက်သည့်နေရာတွင် ရန်ကုန်မြို့ကြီးတစ်ခုလုံးကို Master Plan ချပြီး စီမံဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချ ဆောင်ရွက်လျက်ရှိရာ မြို့ပြအမွေအနှစ်များထိန်းသိမ်းနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ထိန်းသိမ်းနိုင်ရန်၊ စက်မှုဇုန်များကိုလည်း နိုင်ငံတကာမှ လက်ခံနိုင်မည့် အခြေအနေဖြစ်ရန် လိုပါကြောင်း။

မြို့ပြအမွေအနှစ်များကို ထိန်းသိမ်းပြီး စိမ်းလန်းသည့် နေချင်စဖွယ်စီးပွားရေးမြို့တော်ကြီးဖြစ်ရန် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူလူထုတစ်ရပ်လုံး ကဏ္ဍနယ်ပယ်အသီးသီးက တာဝန်ရှိသူအားလုံး စုပေါင်းစွမ်းအားဖြင့် ရန်ကုန်မြို့တော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့တော်ကြီးဖြစ်စေရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စေပိုင်ဖွံ့ဖြိုးမှုလီမိတက်ဥက္ကဋ္ဌ ဦးမောင်ဝိတ်က လမ်းသစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အိမ်ရာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က လမ်းသစ်အိမ်ရာ စီမံကိန်းရတနာပိုင်တိုင်ကို စက်ခလုတ်နှိပ်စိုက်ထူပေးသည် ။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များသည် အိမ်ရာစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုသည်။ (ဝဲပုံ)

**စီမံကိန်းလုပ်ငန်းများ**

လမ်းသစ်အိမ်ရာ စီမံကိန်းသည် ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြား ဧရိယာ ၄ ဒသမ ၇ ဧက ကျယ်ဝန်းသော မြေနေရာတွင် တည်ရှိပြီး စီမံကိန်းလုပ်ငန်းများအနေဖြင့် အပိုင်းကြီးလေးပိုင်း ပါဝင်ပြီး ၂၅ ထပ်တိုက် နှစ်လုံး၊ ၆ ထပ် Shop House ၂၈ လုံး၊ Bus Interchange နှင့် Taxi Stand တို့ ပါဝင်ပြီး ကျုံးကြီးမြောင်းတစ်လျှောက်ရှိ အများပြည်သူ အသုံးပြုနိုင်သည့် အဆင့်မြင့်အမိုးအကာပါ လူသွားစင်္ကြံလမ်းမကြီးတို့ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၁၈ ခုနှစ် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုပေးပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၁၈**

IBSF World Billiards & Snooker Championships-2018 ပြိုင်ပွဲ နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ပထမဦးဆုံးအကြိမ် လက်ခံကျင်းပရာ ကမ္ဘာ့အဆင့် ပြိုင်ပွဲကြီးဖြစ်သည့်အတွက် British၊ Czech၊ Germany၊ Romania၊ Australia၊ Ireland ၊ New Zealand၊ Poland၊ India၊ South Africa၊ Belgium၊ Sweden၊ Austria နှင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံမှ အားကစားသမား ၁၉၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ဘိလိယက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဘိလိယက်အားကစားနည်း၌ 150 up ပြိုင်ပွဲနှင့် Loung Point ပြိုင်ပွဲ၊ စနူကာပြိုင်ပွဲတွင် မာစတာတန်းပြိုင်ပွဲ Men ပြိုင်ပွဲနှင့် Ladies ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

ယင်း 150 up ဘိလိယက်ပြိုင်ပွဲတွင် မြန်မာဘိလိယက်အားကစားသမားရှစ်ဦးအပါအဝင် ပွဲစဉ်ပေါင်း ၉၁ ပွဲ ကျင်းပကာ ပြိုင်ပွဲဝင် အားကစားသမား ၃၇ ဦးယှဉ်ပြိုင်ပြီး ကွာတားဖိုင်နယ်အဆင့်သို့ နှစ်ဦးတက်ရောက်နိုင်ခဲ့ရာ အဆိုပါနှစ်ဦးထဲမှ ချစ်ကိုကို က ကွာတားဖိုင်နယ်အဆင့်တွင် နေသွေးဦး (မြန်မာ) ကို ရှုံးနိမ့်ပြီး နေသွေးဦး (မြန်မာ) က ကမ္ဘာ့အဆင့် ဗိုလ်လုပြိုင်ပွဲသို့ ပထမဆုံး တက်ရောက်၍ ပထမဦးဆုံးယှဉ်ပြိုင်ခွင့်ရရှိသော




အားကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

150 up ဗိုလ်လုပြိုင်ပွဲတွင် Pankaj Advani (အိန္ဒိယ) က နေသွေးဦး (မြန်မာ) ကို ခြောက်ပွဲ၊ နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ချန်ပီယံ Pankaj Advani (အိန္ဒိယ) က ပထမ၊ ဒုတိယ နေသွေးဦး (မြန်မာ) နှင့် တတိယ David Causier (အင်္ဂလန်) တို့က အသီးသီးအနိုင်ရရှိကြသည်။

**ဆုများချီးမြှင့်**

ကမ္ဘာ့ 150 up ဘိလိယက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ရာ တတိယဆုရ David Causier (အင်္ဂလန်) အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က လည်းကောင်း၊ ဒုတိယဆုရ နေသွေးဦး (မြန်မာ) အား IBSF ကမ္ဘာ့ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Jim Leacy က လည်းကောင်း၊ ကမ္ဘာ့အဆင့် ချန်ပီယံပထမဆုရ Pankaj Advani (အိန္ဒိယ) အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း ဆုများချီးမြှင့်ပေးသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့အဆင့် ဘိလိယက်ပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဒုတိယငွေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်မှ ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀ တို့ကို ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့မှ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပထမဆုရရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။

* ကျောဖုံးမှ

ယင်းနောက် ပထမဆုရရှိခဲ့ကြသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိခဲ့ကြသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက လည်းကောင်း၊ တတိယဆု ရရှိခဲ့ကြသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆုများပေးအပ်ကြသည်။

**ပြသရောင်းချလျက်ရှိ**

ပြပွဲ၏ကုန်ထုတ်လုပ်မှု အမျိုးအစားများ တွင် စက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုကဏ္ဍ၊ လူသုံးကုန် အလှကုန်ပစ္စည်း၊ အထည်အလိပ်နှင့် စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဆိုင်ခန်းများဖွင့်လှစ်ပြသ ရောင်းချလျက်ရှိရာ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ လေ့လာသူများနှင့် စိတ်ပါဝင်စားသူများဖြင့် စည်ကားလျက်ရှိသည်။

အာဆီယံနိုင်ငံများနှင့်အတူ မြန်မာနှင့် ဂျပန်တို့အကြား စီးပွားရေးလုပ်ငန်း အချင်းချင်း ချိတ်ဆက်နိုင်ရန်၊ Business Matching တွင် ဂျပန်မှ ကုန်ပစ္စည်းများ ဝယ်ယူနိုင်ရန်၊ မြန်မာမှ ထုတ်ကုန်အစိတ်အပိုင်းများကို ဂျပန်သို့ ထုတ်လုပ်ပေးနိုင်ရန်၊ ပို့ကုန်ပစ္စည်းများ ဖြန့်ဖြူးရာတွင် မြန်မာမှပစ္စည်းများကို ဂျပန်နိုင်ငံက ရောင်းချနိုင်ရန် ရည်ရွယ်၍ ပြပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျင်းပ**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲ ပထမအကြိမ်ကို မန္တလေးတိုင်းဒေသကြီး၊ ဒုတိယအကြိမ်ကို မကွေးတိုင်းဒေသကြီး၊ တတိယအကြိမ်ကို ဧရာဝတီတိုင်းဒေသကြီး၊ စတုတ္ထအကြိမ်ကို ရှမ်းပြည်နယ်၊ ပဉ္စမအကြိမ်ကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဆဋ္ဌမအကြိမ်ကို ပဲခူးတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွန်း**

## မယ်စဲ့ကုန်သွယ်ရေးစခန်း ပင်မရုံးနှင့် နယ်စပ်စစ်ဆေးရေးစခန်း ဆောက်လုပ်ရန် ကွင်းဆင်းကြည့်ရှု

**မယ်စဲ့ နိုဝင်ဘာ ၁၈**

ကယားပြည်နယ် မယ်စဲ့ကုန်သွယ်ရေးစခန်း ပင်မရုံးတည်ဆောက်ရန်နှင့် မယ်စဲ့နယ်စပ်စစ်ဆေးရေးစခန်း ဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလခွင့်ပြုရန်ပုံငွေ)ဖြင့် အကျယ်(၈၃×၄၀×၁၄)ပေရှိ မယ်စဲ့ကုန်သွယ်ရေးစခန်း ပင်မရုံး(ရေ၊ မီး၊ မိလ္လာ အပါအဝင်) အာရ်စီတစ်ထပ် အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာကို ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မယ်စဲ့နယ်စပ် စစ်ဆေးရေးစခန်း ဆောက်လုပ်မည့်မြေနေရာကို သတ်မှတ်နိုင်ရေးအတွက်လည်း မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃)လမ်းသို့ ကွင်းဆင်းကြည့်ရှု ရွေးချယ်ခဲ့ကြသည်။ မယ်စဲ့နယ်စပ် စစ်ဆေးရေးစခန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

❍ ရှေ့ဖုံးမှ

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက်ဝန်ထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တာမွေမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက The Global New Light of Myanmar သတင်းစာသည် နိုင်ငံတော်၏မူဝါဒနှင့် မြန်မာနိုင်ငံအကြောင်း အထွေထွေကို နိုင်ငံတကာက နားလည်သိရှိအောင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော သတင်းစာတစ်စောင်ဖြစ်သဖြင့် ဘက်ပေါင်းစုံအရည်အသွေးပြည့်ဝသည့် သတင်းစာဖြစ်ရန် လိုအပ်ပါကြောင်း။

ဖတ်ရှုသူများအတွက် အမှန်တကယ် သတင်းတန်ဖိုးရှိသည့် သတင်းများကို အချက်အလက် တိကျပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး အင်္ဂလိပ်စာအရေးအသား တိုးတက်ကောင်းမွန်ရန်လည်း အရေးကြီးပါကြောင်း၊ သုတေသနနှင့် ရည်ညွှန်းစာကြည့်တိုက်ထားရှိရေး၊ ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်အပ်ရေးနှင့် လက်ရှိဝန်ထမ်းများအား အရည်အသွေးမြှင့်တင်သည့် သင်တန်းများပို့ချရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားယုံကြည်ပြီး နားလည်မှုရှိကာ လုပ်ငန်းခွင်တွင် ပျော်ရွှင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကျရာအခန်းကဏ္ဍမှ အားလုံးဝိုင်းဝန်းကြိုးစား ကူညီပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် The Global New Light of Myanmar သတင်းစာတိုက် ဝန်ထမ်းများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ သတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဓာတ်ပုံ) **သတင်းစဉ်**



# ၂၃၀ ကေဗွီ လှိုင်သာယာ - ကျိုက်လတ်ဓာတ်အားလိုင်းနှင့် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၃၀ ကေဗွီ လှိုင်သာယာ - ကျိုက်လတ် ဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်ပင်မဓာတ်အားခွဲရုံ၌ ကျင်းပသည်။

**လျှပ်စစ်မီးဗို့အား ပြည့်ဝစွာသုံးနိုင်ရန်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဧရာဝတီတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းရှိ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းစသည့် ဒေသနေပြည်သူများ လျှပ်စစ်မီးဗို့အားပြည့်ဝစွာနှင့် လုံလောက်စွာအသုံးပြုနိုင်ရန်အတွက် ၂၃၀ ကေဗွီ လှိုင်သာယာ - ကျိုက်လတ် မဟာဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေနှင့် ၆၆/၃၃ ကေဗွီ၊ ၃၀ အမ်ဗွီအေ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉ သန်းနှင့် ငွေကျပ် ၁၂ ဒသမ ၉ ဘီလီယံ ကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်းနှင့် ကျိုက်လတ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် လျှပ်စစ်မီးရရှိ သုံးစွဲနိုင်ခြင်းမရှိသေးသည့် ကော့မှူးမြို့နယ်အတွင်းရှိ နတ်ရေတွင်း၊ တလုတ္တော်၊ တကူပုံနှင့် မဆယ်ဆိပ်ကျေးရွာများအား လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးပစ္စည်းများကို ကုန်းတစ်တန်၊ ရေတစ်တန်သယ်ပို့ခဲ့ရပြီး မြစ်များကို ဖြတ်ကျော်တည်ဆောက်ခဲ့သည့် မြစ်ကျော်တာဝါတိုင်များတွင် ကားလမ်းနှင့်အလှမ်းကွာသည့်နေရာများတွင် တည်ဆောက်ခဲ့ရသည့်အတွက် မြစ်ကျော်ကြိုးဆွဲခြင်းလုပ်ငန်းများကိုလည်း ခက်ခက်ခဲခဲ ကြိုးစားဆောင်ရွက်ခဲ့ရပါကြောင်း။

**လှိုင်သာယာ ဓာတ်အားခွဲရုံ ဝန်အား လျှော့ချပေးနိုင်**

ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ် ဇွန် ၂၈ ရက်မှ စတင်၍ လှိုင်သာယာဓာတ်အားခွဲရုံမှ ဓာတ်အားကို ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ကျိုက်လတ်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါကြောင်း၊ ယခင်က ဧရာဝတီတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းရှိ မြို့နယ်များသည် ရန်ကုန်တိုင်းဒေသကြီးရှိ ၂၃၀ ကေဗွီ ကနောင် (လှိုင်သာယာ) ပင်မဓာတ်အားခွဲရုံနှင့် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတို့မှ ဖြန့်ဖြူးထားသော ၃၃ ကေဗွီ တွံတေး - ကော့မှူး - ကွမ်းခြံကုန်း ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ ညောင်ကုန်း - မအူပင် ဓာတ်အားလိုင်းများမှ ဓာတ်အားရယူသုံးစွဲခဲ့ရပြီး မိုင် ၉၀ ခန့် ရှည်လျားသည့်အတွက် ဗို့အားကျဆင်းမှုများရှိရာ ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းဒေသနေပြည်သူများ လျှပ်စစ်မီးဗို့အား ပြည့်မီလုံလောက်စွာ မရရှိခဲ့ပါကြောင်း၊ ယခုအခါ ဗို့အားပြည့်ဝစွာနှင့် လုံလောက်စွာအသုံးပြုနိုင်သည့်အပြင် မအူပင်၊ ကျိုက်လတ်၊ ဖျာပုံနှင့် ဘိုကလေး စသည့်မြို့နယ်များ၏ သုံးစွဲမှုကို ကျိုက်လတ်ဓာတ်အားခွဲရုံမှ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် လှိုင်သာယာ ဓာတ်အားခွဲရုံ၏ ဝန်အားကို လျှော့ချပေးနိုင်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

**နိုင်ငံတော်ဓာတ်အားစနစ် ထောက်ကူပြု**

ဧရာဝတီတိုင်းဒေသကြီး မီးလင်းဂျိုင်ဒေသတွင် မြန်မာနိုင်ငံ၌ အကြီးမားဆုံးဖြစ်သည့် ၁၃၉၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် LNG ဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံကိုလည်း တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးသွားပါက တိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဓာတ်အားစနစ်ကိုလည်း အထောက်အကူပြုနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေသခံပြည်သူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

**ဖွင့်လှစ်ပေး**

ဆက်လက်၍ ၂၃၀ ကေဗွီ လှိုင်သာယာ - ကျိုက်လတ် ဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင် နှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ ကော့မှူးမြို့နယ်ရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ၂၃၀/ ၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံ၏ Switch Yard နှင့် ဓာတ်အားခွဲရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ဝဲပုံ)**



**မောင်မင်းနိုင်**

# အမှတ်စဉ် (၈၁) မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၈**

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)မှ စီစဉ်ဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းအမှတ်စဉ် (၈၁) မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေအတွင်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကံချွန်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ Automobile Technical Division နာယက ဦးခင်မောင်ကျော်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကံချွန်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးအတွင်း သင်တန်းပြုလုပ်မည့်နေရာနှင့် သင်ထောက်ကူပစ္စည်းများအား သွားရောက်ကြည့်ရှုကြသည်။

စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းရှိ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းမှ စက်မှုပိုင်းဆိုင်ရာ ဘာသာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေသည့်အပြင် ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်နှင့် ကျွမ်းကျင်လုပ်သားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ်မှစတင်ပြီး ဌာနမှ တည်ဆောက်ထားသည့်သင်ထောက်ကူပစ္စည်းစုံလင်စွာပါသည့် ရွေ့လျားမော်တော်ယာဉ်ဖြင့် လျှပ်စစ်ဆက်သွယ်ရေးပညာ၊ သံဂဟေနှင့် ဝရိန်ပိုင်းဆိုင်ရာ ပညာရပ်များကို ကျေးရွာများအရောက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

စက်မှုသင်တန်းကျောင်း (မကွေး)မှ ကျောင်းအုပ်ကြီး ဦးသန့်စင်က "စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်း ဖြစ်ပါတယ်။ အခုသင်တန်းက မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း ဘာသာရပ်ကို အဓိကထားပြီး သင်ကြားပေးသွားမှာပါ။ ပုံမှန်သင်တန်းတွေက တစ်နှစ်သင်တန်းတွေ ဖြစ်ပါတယ်။ စက်မှုနဲ့ပတ်သက်တဲ့ ကျွမ်းကျင်မှုသင်တန်းတွေ ရှိပါတယ်။ သင်တန်းကျောင်းတွေမှာ အကြောင်းအမျိုးမျိုးကြောင့် မတက်နိုင်တဲ့ ကျေးလက်ဒေသက လူငယ်တွေကို သင်ပေးဖို့ ရွေ့လျားသင်တန်းဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ အဲဒီကနေ သင်တန်းအပတ်စဉ် ၈၀ ထိ ပို့ချနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသည် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)မှ စီစဉ်ဖွင့်လှစ်ခြင်းဖြစ်ပြီး မော်တော်ယာဉ်နှင့် ပတ်သက်သည့် ပထမဆုံးပို့ချသည့် သင်တန်းဖြစ်ကြောင်း၊ မော်တော်ယာဉ်လုပ်ငန်းတွင် အတော်အသင့် အတွေ့အကြုံရှိပြီးသူများအားခေါ်ယူကာ အဆင့်မြင့်ကားနှင့် ပတ်သက်သည့် ပညာရပ်များကို နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တိုင် ဌာနမှ ကျွမ်းကျင်ပညာရှင်များဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**



# မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ယမန်နေ့က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့်သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# မိုင်းပန်၊ လွိုင်လင်၊ နမ့်စန်နှင့် လဲချားမြို့နယ်တို့တွင် ဘိန်းခင်းများ တွေ့ရှိဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် မိုင်းပန်မြို့နယ် နားမွန်းကျေးရွာအုပ်စုအနီးတွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အမြင့်သုံးပေခွဲခန့် ဘိန်းစိုက်ခင်း စုစုပေါင်း ၁၄ ဒသမ ၉ ဧကခန့်ကို မိုင်းပန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖျက်ဆီးရှင်းလင်းခဲ့သည်။

အလားတူ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ပန်အွတ်ကျေးရွာအနီးရှိ ဘိန်းစိုက်ခင်းလေးဧကခန့်ကို လည်းကောင်း၊ နမ့်စန်မြို့နယ် တွန်ကျိုင်းကျေးရွာအနီးရှိ ဘိန်းစိုက်ခင်းနှစ်ဧကခန့်ကို လည်းကောင်း၊ လဲချားမြို့နယ် ပန်မိုင်တိုင်းကျေးရွာအနီးရှိ ဘိန်းစိုက်ခင်းတစ်ဧကခန့်ကို လည်းကောင်း ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကောင်းများ ရရှိရေး

**ဆင်ဖြူကျွန်းသန်းထွန်း**

**ပြည်သူများက နိုင်ငံ့ဝန်ထမ်းများထံမှ ဝန်ဆောင်မှုကောင်းများကို လိုချင်ကြသည်။ အနည်းဆုံးအားဖြင့် ဝန်ထမ်းများ၏ ပျူငှာစွာ ဆက်ဆံရေးကို လိုချင်သည်။ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကို တံစိုးလက်ဆောင် မပေးရဘဲ လိုချင်သည်။ ဖြစ်သင့်ဖြစ်ထိုက်သည်ထက် အချိန်ပိုမိုမကုန်ဘဲ ဝန်ဆောင်မှုကို လိုချင်သည်။ မရှိဘူး၊ မသိဘူးဟူသော အပြောများ အဆုံးသတ်စေချင်သည်။ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှု အရည်အသွေးများ ပြောင်းလဲစေချင်သည်။**

### ပြည်သူထံ မျက်နှာမမူသောကာလ

လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာ့အုပ်ချုပ်ရေးသည် အမြဲတမ်းအတွင်းဝန်၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်၊ မြို့ပိုင် စသော အရာရှိ အုပ်ချုပ်ရေးဖြစ်သည်။ အရာရှိများသည် ပြည်သူအား ဝန်ဆောင်မှုပေးရေးထက် ဥပဒေ၊ ညွှန်ကြားချက်များအတိုင်း အုပ်ချုပ်နိုင်ရန် အလေးထားခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ အုပ်ချုပ်ရေးမှာ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဆင့်ဆင့် အုပ်ချုပ်ရေးဖြစ်သည်။ ထိုအချိန်တွင် ပြည်သူအား ဝန်ဆောင်မှုပေးရေးထက် အုပ်ချုပ်မှုခိုင်မာတည်မြဲနိုင်ရေးကို အလေးထားခဲ့သည်။

ဆိုရှယ်လစ်ခေတ်ပြောင်းကာလတွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ၊ ညွှန်ကြားချက်များကို ဗဟိုကပြဋ္ဌာန်းပြီး အောက်ခြေအဖွဲ့အစည်း အဆင့်ဆင့်က အကောင်အထည်ဖော်ရသည်။ အမိန့်ညွှန်ကြားချက်များသည် အုပ်ချုပ်သူများဘက်မှ ကြည့်ပြီး လိုအပ်သလို ထုတ်ပြန်ခဲ့သည်။ ပြည်သူထံ မျက်နှာမမူသောကာလဖြစ်သည်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရှိလာသည်။ အမည်ခံအားဖြင့် ဥပဒေများအရ စီမံအုပ်ချုပ်လာသကဲ့သို့ ဝန်ဆောင်မှုပေးရေးတွင်လည်း ဥပဒေများအတိုင်း ဖြစ်လာသည်ဟု ဆိုကြသည်။ သို့သော် ယခင်ကာလနှင့် မထူးခြားသော အနေအထားမျိုးသာဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အခြေအနေမှာ ၁၉၆၂ ခုနှစ်ကာလသို့ ပြန်သွားသည်ဟု ဆိုနိုင်သည်။ အထက်အဖွဲ့အစည်း အဆင့်ဆင့်ကလာသော အမိန့်ညွှန်ကြားချက်အတိုင်း အုပ်ချုပ်သည်။ ဝန်ဆောင်မှုပေးရေးထက် ငြိမ်ဝပ်ပိပြားမှုရရှိရေးမှာ အဓိကဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးများကို စတင်လုပ်ကိုင်လာသည်။ ပြည်သူအား ဝန်ဆောင်မှုပေးရမည်ဆိုသော သဘောတရား အယူအဆကို ဖော်ထုတ်လာသည်။ သို့သော် ပြည်သူ့အတွက် ဝန်ဆောင်မှုကောင်းများ ဖြစ်မလာနိုင်သေးသည်ကို တွေ့ရသည်။

### ပြောင်းလဲရန် လိုအပ်ချက်များနေဆဲ

၂၀၁၆ ခုနှစ်အစိုးရ အပြောင်းအလဲဖြစ်ပြီးနောက် ဝန်ထမ်းများ၏ အတွေးအခေါ်သည် တိုးတက်ကောင်းမွန်လာခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ပြောင်းလဲရန် လိုအပ်ချက်များပြားနေဆဲ ဖြစ်သည်။

အတွေးအခေါ် အသစ်ရအောင် မည်သူက လုပ်ရမည်နည်း။ ဝန်ထမ်းတိုင်းက လုပ်ရပါမည်။ ဝန်ထမ်းတိုင်းက အသိစိတ်ဓာတ်ရှိရှိ လုပ်ရပါမည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၄၆ တွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ရေးတာဝန်နှင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းသတ်မှတ်ရေး တာဝန်များကို ထမ်းဆောင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းရမည်ဟုပါရှိသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ပေးရေးတာဝန်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထမ်းဆောင်ရမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ၊ ပုဒ်မ ၄ တွင်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို အထက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရန်ဟု ထပ်လောင်းဖော်ပြထားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဝန်ထမ်းများ (အရာထမ်းအဆင့်) ရွေးချယ်ပေးခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်း( အမှုထမ်း၊ အရာထမ်းအားလုံး) နှင့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုများကို တစ်ပြေးညီဖြစ်စေရန် စီမံဆောင်ရွက်ပေးခြင်းဟု လုပ်ငန်းတာဝန်သုံးမျိုးရှိသည်။

ယင်းတာဝန်သုံးရပ်ကို ဖော်ဆောင်ရာတွင် မည်သို့ မျှော်မှန်းပြီး လုပ်ကိုင်နေသနည်း။ တစ်နည်းဆိုသော် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် မည်သို့သော ဝန်ထမ်းအမျိုးအစားကို ပျိုးထောင်ပေးမည်နည်း။ မည်သို့သော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းမျိုးကို တည်ဆောက်ပေးမည်နည်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Vision - အဖြစ် to build an independent, efficient, competent, and disciplined Civil Service for the sustainable all round development of the Nation ဟု ဖော်ပြထားသည်။

> **"ဝန်ထမ်းတစ်ဦးချင်းသည် စွမ်းရည်ပြည့်ဝရမည်။ မည်သို့ စွမ်းရည်များကို ဆိုလိုပါသနည်း။ ဥပမာ-သစ္စာရှိရမည်ဆိုရာတွင် နိုင်ငံတော်ကို သစ္စာရှိရမည်ဟု နားလည်ရမည်ဖြစ်ကြောင်း၊ အထက်ဆရာသမားကို ပုဂ္ဂိုလ်ရေး သစ္စာရှိရမည်ဟု မဆိုလိုကြောင်းကို မကြာခဏ ကြားနေရတတ်ပါသည်"**

**နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်၍ စွမ်းရည်ပြည့်ဝသော၊ ယှဉ်ပြိုင်မှုရှိ၍ စည်းကမ်းကောင်းသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း တည်ဆောက်ပျိုးထောင်ပေးရန်** ဖြစ်သည်။

အထက်ဖော်ပြပါ အရည်အသွေးရှိသော ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာလျှင် ပြည်သူများ လိုအပ်သော ဝန်ဆောင်မှုအရည်အသွေးကို ပေးဆောင်နိုင်မည်လားဆိုသော အမေးကို မဖြေမီ ဖော်ပြထားသော အရည်အသွေးများကို ဦးစွာရှင်းလင်းကြည့်ရန် လိုအပ်ပါသည်။

### ဝန်ဆောင်မှု

ရှေးဦးစွာ လွတ်လပ်သော ဟူသည့် စကားရပ်ကို ကြည့်ကြပါစို့။ ဆိုရှယ်လစ်ခေတ်ကာလတွင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်သော အလုပ်သမား အစည်းအရုံးဝင်များ ဖြစ်ကြသည်။ လမ်းစဉ်ပါတီဝင်ဖြစ်ရေးကို တိုက်တွန်းနှိုးဆော်သည်။ လမ်းစဉ်ပါတီဝင်မဖြစ်လျှင် အဆင့်မြင့်ရာထူးကြီးများကို မပေးအပ်နိုင်ဟူသော စကားကိုပင် ကြားခဲ့ရသည်။ နဝတ၊ နယကခေတ်ကာလတွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟု ညွှန်ကြားခဲ့သည်။

ဝန်ထမ်းအဖွဲ့အစည်းတွင် ပြင်ပပယောဂများ ဝင်ရောက်စွက်ဖက်ခြင်းသည် ဝန်ဆောင်မှုကျဆင်းစေသည်ဆိုသော အဆိုရှိနေသည်။ ဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် လည်းကောင်း၊ ဝန်ထမ်းရေးရာများကို စီမံဆောင်ရွက်ရာတွင် လည်းကောင်း အရည်အချင်းကိုသာမက လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေခံပြီး ဆောင်ရွက်မှုသာလျှင် စွမ်းရည်ပြည့်ဝသော ဝန်ဆောင်မှုကို ရနိုင်သည်ဟု တညီတညွတ် လက်ခံထားကြသည်။

### တစ်ဦးချင်းစွမ်းရည်ပြည့်ဝရမည်

ဝန်ထမ်းတစ်ဦးချင်းသည် စွမ်းရည်ပြည့်ဝရမည်။ မည်သို့ စွမ်းရည်များကို ဆိုလိုပါသနည်း။ ဥပမာ-သစ္စာရှိရမည်ဆိုရာတွင် နိုင်ငံတော်ကို သစ္စာရှိရမည်ဟု နားလည်ရမည်ဖြစ်ကြောင်း၊ အထက်ဆရာသမားကို ပုဂ္ဂိုလ်ရေး သစ္စာရှိရမည်ဟု မဆိုလိုကြောင်းကို မကြာခဏ ကြားနေရတတ်ပါသည်။

စွမ်းရည်ဆိုသည်တွင် ဆိုင်ရာအလုပ်တာဝန် တတ်ကျွမ်းမှု ပါဝင်သည်။ ဥပမာ ကွန်ပျူတာစာရေးဆိုသူသည် ကွန်ပျူတာကို အမှန်တကယ် ရိုက်တတ်ရမည်၊ ဘွဲ့လက်မှတ်ပြသရုံနှင့် မဖြစ်ပါ။ ဝန်ထမ်းတိုင်းသည် အလုပ်တာဝန်နှင့် ထိုက်တန်သော တတ်ကျွမ်းမှုလိုအပ်သည်။

အခြားအရည်အချင်းမှာ လုပ်ငန်းတာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်လိုသော စိတ်နေစိတ်ထား ခံယူချက်ရှိရန် ဖြစ်သည်။ အချို့ဝန်ထမ်းသည် လုပ်တတ်သော်လည်း မလုပ်ချင်၊ မကိုင်ချင်ဖြစ်နေတတ်သည်။ လုပ်ကိုင်သော်လည်း အားစိုက်မလုပ်ဘဲ ဖြစ်ကတတ်ဆန်း လုပ်တတ်သည်။ ယင်းသို့ဆိုလျှင် စွမ်းရည်ပြည့်ဝသော ဝန်ဆောင်မှုကို မရရှိဘဲ ဖြစ်နေမည်။

ဝန်ထမ်းလောကတွင် မကြာခဏကြားသိရသော စကားရပ်တစ်ခုမှာ လူတော်လူကောင်းစကားဖြစ်သည်။ အစဉ်အဆက် လူတော်လူကောင်းဟု ကြားသိခဲ့ရသော်လည်း ဆိုရှယ်လစ်ခေတ်တွင် လူကောင်းလူတော်ဖြစ်လာသည်။ လူတော်တစ်ယောက်သည် မကောင်းခဲ့လျှင် မတော်သောလူတစ်ယောက်ထက် ဖျက်ဆီးစွမ်းအားပိုမိုကြီးမားသည်။ ဥပမာ- သစ္စာဖောက်သူ ဖြစ်သည်။ ထို့ကြောင့် လူကောင်းလိုအပ်သည်။

တစ်ဖက်တွင် မတော်သော၊ မတတ်ကျွမ်းသော ဝန်ထမ်းတစ်ဦးသည် မလုပ်တတ်၊ မကိုင်တတ်သောကြောင့်၊ မကျွမ်းကျင်သောကြောင့်၊ မဖြစ်သင့်သော အမှားများ၊ တလွဲတချော်များ လုပ်တတ်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်နိုင်သည်။ ထို့ကြောင့် အဆင့်လိုက် လိုအပ်သော တတ်ကျွမ်းမှုလိုသည်။ လူတော်ဟု ဆိုလိုက်သည်နှင့် ဆိုင်ရာအတတ်ပညာရော ကိုယ်ကျင့်တရားပါ လိုအပ်ချက် ပြည့်မီသူဖြစ်သည်ဟု ဆိုလျှင် ပိုမိုမှန်ကန်မည်ဖြစ်သည်။

### စည်းကမ်းကောင်းသော အဖွဲ့အစည်း

စည်းကမ်းကောင်းသော ဝန်ထမ်းအဖွဲ့အစည်းဖြစ်ရန် လိုအပ်သည်။ အများပြည်သူအကျိုးအတွက် ဝန်ဆောင်မှုပေးရမည်ဖြစ်သောကြောင့် ဝန်ထမ်းအဖွဲ့အစည်းသည် စည်းကမ်းကောင်းရေးမှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်သည်။

ခေတ်စနစ်များပြောင်းလဲခဲ့သည်တွင် သူ့ခေတ်ကာလ မျှော်မှန်းချက်များ၊ စနစ်များအရ ဝန်ထမ်းယန္တရားတွင် တာဝန်ထမ်းဆောင်ရသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများ၊ စည်းကမ်းများရှိသည်။ ဝန်ထမ်းအဖွဲ့အစည်းများအတွက် လိုက်လျောညီထွေဖြစ်သော စည်းကမ်းများကို တတ်နိုင်သမျှ ပြည့်စုံအောင် ရေးဆွဲပြဋ္ဌာန်းပေးထားရန် လိုအပ်ပြီး ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းကမ်းများကို လိုက်နာကြရန် လိုအပ်သကဲ့သို့ လိုက်နာစေရန်လည်း ကြီးကြပ်ရမည် ဖြစ်ပေသည်။ ။

---

# မြိတ်မြို့ ဒေသထွက်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲများကျင်းပရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

**မြိတ် နိုဝင်ဘာ ၁၈**

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဒေသအလိုက် ကျင်းပနေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲများကို တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့၌ အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲများကို အောင်မြင်စည်ကားစွာ ကျင်းပနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်က မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တနင်္သာရီတိုင်းဒေသကြီးတွင် ကျင်းပမည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဒေသထွက်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲများကျင်းပရန် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများရှိသည့် မြိတ်မြို့ကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ပြည်သူများ စိတ်ဝင်စားမှုဖြစ်စေရေးနှင့် ပြပွဲကို အခြေခံ၍ ခရီးသွားလုပ်ငန်းနှင့် ကျွန်းအလှအပများကို ကြော်ညာစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မြိတ်မြို့တွင်ကျင်းပမည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲများတွင် ဒေသထွက်ကုန်များအပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ SME ထုတ်ကုန်များ၊ ထိုင်းနိုင်ငံမှ OTOP ကုန်စည်များကို စုစုပေါင်း ပြခန်းပေါင်း ၁၅၀ ခန့်ဖြင့် လာရောက်ပြသပေးသွားမည့်အပြင် စျေးကွက်ချိတ်ဆက်မှုရရှိစေမည့် Business Matching၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် Knowledge Sharing အစီအစဉ်များလည်း ထည့်သွင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်)**

---

# ဒလမြို့နယ်၌ တည်ဆောက်နေသည့် ဓာတ်အားခွဲရုံ ၉၀ ရာခိုင်နှုန်းပြီးစီး

**ဒလ နိုဝင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် ၃၃/၁၁-၆.၆ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားခွဲရုံကို မြို့နယ်နေပြည်သူများ လျှပ်စစ်ဗို့အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လူနေမှုဘဝမြင့်မားနိုင်ရေးရည်ရွယ်လျက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၈ ဧပြီလတွင် ဆောက်လုပ်ခဲ့ပြီး ယခုနှစ် ဒီဇင်ဘာလပထမပတ်တွင် ဓာတ်အားစတင်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဓာတ်အားခွဲရုံနှင့်အတူ ဓာတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်၊ လျှပ်စစ်ကြိုးသွယ်တန်းမှုလုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြရွှေက ပြောသည်။

ဒလမြို့နယ်တွင် မြို့ပေါ် ၂၄ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၅၄ ရွာရှိရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၂၃ ရွာမှာ လျှပ်စစ်မီးရရှိနေပြီဖြစ်ပြီး တည်ဆောက်ပြီးစီးမည့် ဓာတ်အားခွဲရုံမှ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများကို ဓာတ်အားများ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ဒလမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံသို့ လှိုင်သာယာမြို့နယ် ခနောင်ပင်မခွဲရုံမှ လျှပ်စစ်ဓာတ်အားများ သွယ်တန်းရယူ၍ မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံမှ ၁၅+၅ အမ်ဗွီအေထရန်စဖော်မာနှစ်လုံးဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း ပျော်ဘွယ်ကြီးကျေးရွာတွင်တည်ဆောက်နေသည့် ၃၃/၁၁-၆.၆ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံပြီးစီးပါက အနီးပတ်ဝန်းကျင် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဝေပေးမည်ဖြစ်သည်။

**မောင်ယဉ်ဦး(ဒလ)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ဆို့နေမှုများကို အဖြေရှာရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်

**ချင်းမိုင် နိုဝင်ဘာ ၁၈**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ဆို့နေမှုများကို အဖြေရှာရန်အတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် NCA လက်မှတ်ရေးထိုးထားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး (KNU) တို့နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး NCA စာချုပ် လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့နှင့်လည်း အလွတ်သဘော တွေ့ဆုံခဲ့ကြောင်း သိရသည်။



ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့ နိုဝင်ဘာ ၁၆ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးစဉ်။

**အလွတ်သဘောတွေ့ဆုံဆွေးနွေး**

ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်တွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ RCSS ဥက္ကဋ္ဌ ဦးယွက်ဆစ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမှူး ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့်လည်းကောင်း ညနေပိုင်းတွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့်လည်းကောင်း အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သုံးရက်တာ အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေနှင့် ပတ်သက်၍ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေက "သုံးရက်တာ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုက ကျွန်တော်တို့ ညီလာခံပြီးတဲ့ နောက်ပိုင်းမှာ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့က တရားဝင် ဆွေးနွေးမှုတွေ ခေတ္တဆိုင်းငံ့ထားမယ်ဆိုတာကြောင့် အလွတ်သဘော လာရောက်တွေ့ဆုံဆွေးနွေးတာပါ။ တရားဝင်တွေ့ဆုံဆွေးနွေးမှုတွေ ပြန်စနိုင်ဖို့ပေါ့။ ကျွန်တော်တို့ RCSS ကော၊ KNU ကော နှစ်ဖွဲ့စလုံးနဲ့ တွေ့ပါတယ်။ တွေ့တဲ့အချိန်မှာ သူတို့စိုးရိမ်မှုတွေအပေါ် ကျွန်တော်တို့ဘက်က ရှင်းပြတယ်။ ဒီအတွက် သူတို့ဘက်ကလည်း ထိုက်သင့်တဲ့ နားလည်မှု ရှိတယ်။ နောက် NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့နှစ်ဖွဲ့ဖြစ်တဲ့ KNPP ၊ KIO အဖွဲ့တွေနဲ့လည်း တွေ့တယ်။ KNPP နဲ့က ယုံကြည်မှု တည်ဆောက်တဲ့နေရာမှာ အောက်ခြေမှာ ရှိနေသူအချို့ဆောင်ရွက်ချက်ကြောင့် လိုအပ်မှုရှိတာတွေ ဆွေးနွေးဖြစ်တယ်။ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းစရာ အချက်မကျန်တော့ဘူး။ လက်မှတ်ရေးထိုးဖို့ စဉ်းစားဆုံးဖြတ်ဖို့ကျန်နေတာပဲ ရှိနေတဲ့အချိန်မှာ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ရဲ့ ရှင်းပြမှုကြောင့် NCA လက်မှတ်စာချုပ်ကို မြန်မြန်လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ KIO ကတော့ ဆွေးနွေးတဲ့ ပုံစံထက် သူတို့ဘက်ကရှိတဲ့ သဘောထားကို လာရှင်းပြတဲ့ သဘောပါ"ဟုပြောသည်။

အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် အစိုးရကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦး ၊ အဖွဲ့ဝင် ဦးအောင်စိုး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နည်းပညာအထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ ပါဝင်သည်။

KNU နှင့်တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍ ဦးဇော်ဌေးက "နှစ်ဖက်စလုံးရဲ့ သဘောထားတွေက အခုသွားနေတဲ့ NCA လမ်းကြောင်းကနေ မသွေဖည်ဘူးဆိုတာ နှစ်ဖက်စလုံးရဲ့ သဘောထားက ခိုင်ခိုင်မာမာရှိတယ်။ ဒီလမ်းကြောင်းမှာ ဖြစ်နေတဲ့ အခက်အခဲတွေ ဆွေးနွေးတယ်။ (၁) NCA ကို တန်ဖိုးထားတယ်။ အလေးထားတယ်။ နှစ်ဦး နှစ်ဖက်စလုံး ဒါကို မပျောက်ပျက်စေချင်ဘူး။ (၂)သူ့ဘက်ကိုယ့်ဘက် သက်ဆိုင်ရာခေါင်းဆောင်တွေကို ကျွန်တော်တို့ရဲ့ ဆွေးနွေးမှု အခြေအနေကို ပြန်တင်ပြပြီးရင် အမြန်ဆုံးပြန်တွေ့ပါမယ်။ (၃) ခဏရပ်ဆိုင်းသွားတဲ့ အနေအထားကနေ ပုံမှန်အတိုင်းဖြစ်ဖို့ အမြန်ဆုံး ကြိုးစားမယ်။ နှစ်လ သုံးလအတွင်းလည်း ဖြစ်သွားနိုင်တယ်။ ဒီထက်မြန်အောင်လည်း ကြိုးပမ်းသွားမယ်"ဟုပြောသည်။

**တရားဝင်အစည်းအဝေးများ ပြန်လည်စတင်နိုင်ရေးဆွေးနွေး**

NCA လက်မှတ်ရေးထိုးထားသည့် RCSS နှင့် အလွတ်သဘောဆွေးနွေးရာတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ KNU နှင့် တရားဝင်အစည်းအဝေးများ ပြန်လည်စတင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

KNU အထွေထွေ အတွင်းရေးမှူး ပဒိုစောတာဒိုမှူးက "KNU အနေနဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းနဲ့ အဖြေရှာသွားမယ်လို့ တောက်လျှောက် ပြောထားတယ်။ NCA ကနေ ဖြစ်လာတဲ့ နိုင်ငံရေး ဆွေးနွေးပွဲလမ်းကြောင်းဆိုတာ နိုင်ငံရေးဆွေးနွေးမှုတွေ စနိုင်ဖို့ ပထမဆုံးခြေလှမ်းလို့ မြင်တယ်။ အကျေအလည် ညှိနှိုင်းဆွေးနွေးခြင်းနဲ့ မကျေလည်မှုတွေ၊ မတူညီမှုတွေကို အင်အားသုံး ဖြေရှင်းခြင်း မပြုရဆိုတဲ့ အရာမျိုးတွေကလည်း ပါနေတဲ့အတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ရှေးရှုနေပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုကို ပြောချင်တာကတော့ ကျွန်တော်တို့ လက်မှတ်ထိုးထားတဲ့ NCA လမ်းကြောင်းသည် အသင့်တော်ဆုံး လမ်းကြောင်းတစ်ခု ဖြစ်ပြီးတော့ ဒီအခြေခံကနေ တစိုက်မတ်မတ် ဆက်သွားမယ်။ ဆက်သွားတဲ့နေရာမှာ NCA လမ်းကြောင်းသည် မှန်ကန်ပြီး တရားမျှတတဲ့ လမ်းကြောင်းဖြစ်အောင် ဆက်ပြီး ကြိုးစားသွားမယ်"ဟု ပြောသည်။

**အလွတ်သဘောတွေ့ဆုံမှုများ ဆက်လက်ပြုလုပ်သွားမည်**

အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆင့်အလိုက် အကောင်အထည်ဖော်ရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးများကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး KNU နှင့် တရားဝင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် အလွတ်သဘောတွေ့ဆုံမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-EPRN**

# ငြိမ်းချမ်းရေးတွဲလက်များရေယာဉ် ဆီမီးခုံမြို့သို့ရောက်ရှိပြီး ငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်

**ဆီမီးခုံ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ဆီမီးခုံမြို့ ဆိပ်ကမ်းတွင် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မဟာမိတ်အဖွဲ့မှ ဦးဆောင်ကာ ငြိမ်းချမ်းရေးတွဲလက်များ အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဆိုက်ကပ်ရောက်ရှိခဲ့သည်။



ငြိမ်းချမ်းရေးတွဲလက်များ ရေယာဉ် ဆိုက်ကပ်ရာ ဆီမီးခုံဆိပ်ကမ်းတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေး၊ ဦးချမ်းမြေ့၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက အောင်သပြေပန်းများ ကမ်းကာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် ရေယာဉ်ပေါ်သို့ တက်ရောက်ကြကာ "လူငယ်နှင့်ငြိမ်းချမ်းရေး" စကားဝိုင်းကိုပြုလုပ်ရာ အဆိုပါအဖွဲ့က ငြိမ်းချမ်းရေးသီချင်းများကို ဦးစွာသီဆိုဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ "လူငယ်နှင့်ငြိမ်းချမ်းရေး" စကားဝိုင်းကို စာရေးဆရာ ဇေယျာမင်းရှင်က ဦးစွာဆွေးနွေးခဲ့ပြီး ဆီမီးခုံမြို့ အ.ထ.က ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှ ထပ်ဆင့်ပွားရေယာဉ်သည် ဆီမီးခုံမြို့တွင် ညအိပ်ရပ်နားမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဆီမီးခုံ အ.ထ.က ဦးရွှန်းခန်းမတွင်လည်း ငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်သွားမည်ဖြစ်ပြီး ညပိုင်းတွင် တေးဂီတများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် (၂၁)ရာစုပင်လုံညီလာခံကို ဂုဏ်ပြုသောအားဖြင့် ယခုခရီးစဉ် ဧရာဝတီမြစ်ကြောင်းအတိုင်း သွားလာခြင်းဖြစ်ကြောင်း သိရှိရသည်။

"ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှ ထပ်ဆင့်ပွား" ခရီးစဉ်သည် ငြိမ်းချမ်းရေးအတွက် လေးခုမြောက် ခရီးစဉ်ဖြစ်ပြီး ပထမဆုံးခရီးစဉ် မြစ်ကြီးနား-နေပြည်တော်ကို ကိုယ်အင်္ဂါမသန်စွမ်း (ခြေထောက်မပါ) သူများဖြင့် လည်းကောင်း၊ ဒုတိယခရီးစဉ်ကို ကျောက်မဲ၊ သီပေါ၊ လားရှိုးကို အကြားအမြင်ချို့ယွင်းသူများဖြင့် လည်းကောင်း၊ တတိယခရီးစဉ်ကို ကော့သောင်း-ရန်ကုန်ကို ကိုယ်အင်္ဂါမသန်စွမ်းသူများဖြင့် လည်းကောင်း၊ ယခုခရီးစဉ် မန္တလေး-ရန်ကုန်ကို အကြားအမြင်ချို့ယွင်းသူများဖြင့် ထွက်ခွာလာခြင်းဖြစ်ပြီး လမ်းတစ်လျှောက်တွင် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြုလက်မှတ်များ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ဇော်မင်းနိုင်**

**မြန်မာနိုင်ငံမှာ ဆီးချို သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းက တိုးတက်ဖြစ်ပွားနေပါတယ်။ ကာကွယ်ထိန်းသိမ်းရေး ထိထိရောက်ရောက်မလုပ်ရင် နောက်လာမယ့် ၁၀ နှစ်အတွင်း စိုးရိမ်စရာကောင်းတဲ့ ဆီးချိုသွေးချိုရောဂါရှိတဲ့သူ များပြားလာမှာ ဖြစ်ပါတယ်**

ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်

# ၂၀၁၈ ခုနှစ် "ကမ္ဘာ့ဆီးချို သွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့" ခေါင်းစဉ်ဖြင့် ကျန်းမာရေးစကားဝိုင်းကျင်းပ

၂၀၁၈ ခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ခေါင်းစဉ်ဖြင့် ကျန်းမာရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ် ဆေးတက္ကသိုလ် (၂)ရန်ကုန် ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကိုကို၊ ဆေးတက္ကသိုလ် (၁)ရန်ကုန် ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာန ပါမောက္ခဒေါက်တာမိုးဝင့်အောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**အစီအစဉ်မှူး။** ။ ဒေါက်တာစိုးညီညီထွန်း (ကျန်းမာရေးသံတမန်)

ဒီကနေ့ စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ ပြည်သူလူထုကို ဆီးချို သွေးချိုရောဂါအကြောင်း ကျန်းမာရေးပညာပေးဖို့နဲ့ ကမ္ဘာ့ဆီးချို၊ သွေးချို ထိန်းသိမ်းကာကွယ်ရေးနေ့နဲ့ ပတ်သက်ပြီးတော့ အသိပညာပေးဖို့လည်း ရည်ရွယ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာဆီးချို၊ သွေးချိုကာကွယ်ရေးလုပ်ငန်းတွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ဆီးချို၊ သွေးချိုရောဂါကာကွယ်မှုနဲ့ ပတ်သက်တဲ့ အသိပညာပေးဗဟုသုတတွေကို တစ်ပြေးညီသိနိုင်ဖို့အတွက် ရည်ရွယ်ပြီး ပြုလုပ်တဲ့ စကားဝိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆီးချို၊ သွေးချိုရောဂါကုသတဲ့ အကြောင်းအရာတွေကို ပြည်သူလူထုအတွက် ကျန်းမာရေးအသိပညာ မျှဝေပေးဖို့အတွက် ရည်ရွယ်ပြီး ကျင်းပခဲ့တာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့နဲ့ ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါတယ်။ ဒီနေ့ကို ဘာဖြစ်လို့ ကျင်းပပေးဖြစ်သလဲဆိုတဲ့အကြောင်း လေးကိုလည်း ပြောပြဆွေးနွေးပေးပါခင်ဗျာ။**

**ပါမောက္ခဒေါက်တာကိုကို ။** ။ နိုဝင်ဘာ၁၄ ရက်နေ့ဟာ ကမ္ဘာ့ဆီးချို၊ သွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ပါ။ ၁၉၉၁ ခုနှစ်လောက်ကတည်းက စပြီးတော့ အပြည်ပြည်ဆိုင်ရာ ဆီးချို၊ သွေးချိုအဖွဲ့ကြီးရယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ပူးပေါင်းပြီးတော့ နှစ်စဉ်နှစ်တိုင်း ကျင်းပနေတာပါ။ အခုဆိုရင် နိုင်ငံပေါင်း ၁၆၀ မှာ ရှိတဲ့ အဖွဲ့အစည်းပေါင်း ၂၅၀ က ဒီလရောက်တိုင်းရောက်တိုင်းမှာ ဆီးချို၊သွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပကြတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၀၆ ခုနှစ်မှာ သတ်မှတ်ချက်အရ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်။ ဒါဟာအပြည်ပြည်ဆိုင်ရာ အဖွဲ့ကြီးသာမကဘူး။ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အတွက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ကျန်းမာရေးနေ့တစ်နေ့အနေနဲ့ အသိအမှတ်ပြုလိုက်တယ်။ ကမ္ဘာ့ဆီးချိုသွေးချိုအဖွဲ့ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ဆိုင်တယ်။ ဒီကနေ့ ဘယ်လိုဖြစ်လာသလဲဆိုတော့ ဆီးချို သွေးချိုကုသရေးမှာ အရေးကြီးတဲ့ အင်ဆူလင်ပေါ့။ အဲဒါကို စတင်တွေ့ရှိခဲ့တဲ့ ဒေါက်တာဖေးတစ်ဘိုင်းတင်ဆိုတာ သူ့ရဲ့မွေးနေ့က နိုဝင်ဘာ ၁၄ ရက်နေ့ဖြစ်တယ်။ အဲဒါကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆီးချို၊သွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ကို နိုဝင်ဘာ ၁၄ ရက်နေ့လို့ သတ်မှတ်တာ ဖြစ်ပါတယ်။

**ဘယ်လောက်အရေးပါလဲဖော်ပြချင်**

ဒီနေ့ရောက်တိုင်း တစ်ကမ္ဘာလုံးမှာရှိတဲ့ အဖွဲ့အစည်းပေါင်း မြောက်မြားစွာကနေပြီး ကြောက်ခမန်းလိလိ တိုးတက်လာတဲ့ ဆီးချိုသွေးချိုကို ပြည်သူလူထုတွေ သိရှိအောင် T. V. Talk တွေ လုပ်ကြတယ်။ မီဒီယာကတစ်ဆင့် ပြည်သူလူထုတွေကို ဆီးချို၊သွေးချိုပညာပေးတွေ လုပ်ကြတယ်။ လမ်းလျှောက်ပွဲတွေ ကျင်းပကြတယ်။ နိုဝင်ဘာ ၁၄ ရက်မှာ နိုင်ငံတော်အဆင့် နေပြည်တော်မှာ ကျင်းပတယ်။ စာစီစာကုံးပြိုင်ပွဲတွေ လုပ်တာတွေရှိပါတယ်။ နှစ်တိုင်းနှစ်တိုင်းမှာ ဆောင်ပုဒ်လေးတွေနဲ့ လုပ်ကြတယ်။ ဘယ်လိုဆောင်ပုဒ်လဲဆိုတော့ ဆီးချိုနဲ့ ခြေထောက်၊ ဆီးချိုနဲ့ မျက်စိ ဒီလိုပဲသွားကြတယ်။ ဒီနှစ်ရဲ့ Theme ကတော့ မိသားစုတွေက ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးမှာ ဘယ်လောက်ထိ အရေးပါလာသလဲဆိုတာ အဓိကဖော်ပြချင်လို့ပါ။

တကယ်လို့များ မိသားစုတစ်စုမှာ ဆီးချို၊ သွေးချိုရောဂါဝေဒနာရှင် တစ်ယောက်ရှိရင် အများကြီးဒုက္ခရောက်တယ်။ သူတို့ရဲ့ ဝင်ငွေရဲ့ လေးပုံတစ်ပုံကနေ တစ်ဝက်လောက်ကို ဒီဆီးချို ကာကွယ်ထိန်းသိမ်းရေးမှာ သုံးစွဲလိုက်ရတယ်။ ဒ့ါကြောင့် ဝင်ငွေအများကြီး ဆုံးရှုံးသွားတယ်။ ဒ့ါအပြင် ဆီးချို၊ သွေးချိုဝေဒနာရှင်ကိုလည်း မိသားစုဝင်တွေက ဝိုင်းပြီးပြုစုကုသပေးရတာတွေလည်း ရှိတယ်။ ဒ့ါကြောင့်မို့လို့ မိသားစုတွေက ဝိုင်းပြီး ထမင်းအတူစားတဲ့ အတွက်ကြောင့် ဒီဆီးချို၊ သွေးချိုဝေဒနာရှင်ရဲ့ရောဂါတိုးတက်မှုကိုလည်း မိသားစုက Support လုပ်တယ်လို့ ယူဆကြတယ်။ ဒါကြောင့် မိသားစုက အရေးကြီးတယ်။ ဒ့ါအပြင် မိသားစုတစ်စုမှာ ငယ်စဉ်ဘဝကတည်းက စပြီး ဆီးချိုသွေးချိုနဲ့ မလုပ်သင့်တာတွေ၊ ရှောင်သင့်တာတွေကို တစ်ခါတည်းမိသားစုက ဦးဆောင်ပြီး လုပ်မယ်ဆိုရင် Education ပေါ့။ ဒါဆိုရင် ဆီးချိုသွေးချိုကာကွယ်ရေးမှာ အများကြီး အကျိုးသက်ရောက်မယ်လို့ ယူဆတယ်။ အဲဒီလိုယူဆတဲ့အတွက်ကြောင့် " မိသားစုတိုင်း ကျန်းမာဖို့ ဆီးချိုသွေးချို ကာကွယ်ကုသဖို့" ဆောင်ပုဒ်နဲ့ ဒီနေ့ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဒ့ါကြောင့်ဒီအထိမ်းအမှတ်နေ့ရဲ့အရေးပါပုံ၊ အကျိုးသက်ရောက်မှုတွေကို အကြမ်းဖျင်းသိပြီးသွားတဲ့ အတွက်ကြောင့် မြန်မာနိုင်ငံမှာ လက်ရှိဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ပရိသတ်တွေကို မျှဝေပေးပါဦး ခင်ဗျာ။**

**ပါမောက္ခဒေါက်တာတင့်ဆွေလတ်။** ။ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းက စိုးရိမ်စရာကောင်းလောက်အောင် တိုးတက်ဖြစ်ပွားနေပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက ကျန်းမာရေးဝန်ကြီးဌာန ဆီးချိုသွေးချို ရောဂါကာကွယ်ရေးစီမံချက်နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီးလုပ်တဲ့ တစ်နိုင်ငံလုံး အတိုင်းအတာလုပ်တဲ့ National Survey အရ အသက် ၂၅ နှစ်ကနေ ၆၄ နှစ် အလုပ်လုပ်တဲ့ လုပ်သားပြည်သူအရွယ် အဲဒီ Adult Population လူ ၁၀၀ မှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်းက ဆီးချိုဖြစ်တယ်။ အဲဒီ ၂၀၁၄ ခုနှစ်မှာ အဲဒီအသက်အရွယ်အတိုင်းရှိတဲ့လူဦးရေ ယှဉ်တွက်ကြည့်လိုက်ရင် လူပေါင်း ၂ ဒသမ ၅ သန်းလောက်က မြန်မာနိုင်ငံမှာ ဆီးချိုသွေးချိုရောဂါဖြစ်နေတယ်လို့ ခန့်မှန်းချက်ရှိတယ်။

**ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်**

အဲဒါထက် ပိုပြီးဆိုးတာက ဘာလဲဆိုတော့ လူကောင်းကနေပြီးတော့ ဆီးချိုသွေးချိုရောဂါ မပြောင်းခင်မှာ ဆီးချိုသွေးချိုရောဂါရဲ့ ကနဦးအဆင့်ပေါ့။ prediabetes အဆင့် ရှိပါတယ်။ အဲဒီအဆင့်ရှိတဲ့သူက ဘယ်လောက်ရှိလဲဆိုရင် မြန်မာတစ်ပြည်လုံး အတိုင်းအတာ လူ ၁၀၀ မှာ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိတယ်။ လူဦးရေအရေ အတွက်အားဖြင့် ပြောရင် ၅ သန်းလောက်ရှိမယ်လို့ခန့်မှန်းရတယ်။ ဒီကိန်းဂဏန်းကလည်း အင်မတန် စိုးရိမ်စရာကောင်းတဲ့အတိုင်းအတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆီးချိုသွေးချိုရောဂါ ထိန်းသိမ်းရေးလုပ်ငန်းတွေကိုသာ ထိထိရောက်ရောက် မလုပ်နိုင်ဘူးဆိုရင် စောစောကပြောတဲ့ ၅ သန်းကလည်း လာမယ့် ၅ နှစ်အတွင်းမှာ ဆီးချိုသွေးချိုရောဂါဖြစ်လာမယ့်သဘောရှိတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၀၃-၂၀၀၄ မှာ လုပ်ထားတဲ့ စစ်တမ်းအရဆိုရင် ဖြစ်ပွားနှုန်းက ၁၁ ဒသမ ၈၄ ရာခိုင်နှုန်း ၁၂ ရာခိုင်နှုန်းနီးပါးရှိတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခုကို Survey လုပ်တဲ့အခါ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်း ဖြစ်ပွားနှုန်းက ၁၈ ဒသမ ၂ ရာခိုင်နှုန်း ဆိုလိုတာ ၁၀ စုနှစ်အတွင်းမှာ ဖြစ်ပွားမှုနှုန်းမှာ ရန်ကုန်က ၆ ရာခိုင်နှုန်းတိုးတက်လာတယ်။ တစ်ပြည်လုံး အတိုင်းအတာမှာ ၂၀၁၄ မှာရှိတဲ့ ၁၀ ဒသမ ၅ ရာခိုင်နှုန်းကို ကာကွယ်ထိန်းသိမ်းရေး တိကျစွာ မလုပ်ဘူး။ ထိထိရောက်ရောက်မလုပ်ဘူးဆိုရင် နောက်လာမယ့် ၁၀ နှစ်အတွင်းမှာ မြန်မာနိုင်ငံက စိုးရိမ်စရာကောင်းတဲ့ ဆီးချိုသွေးချိုရောဂါရှိတဲ့ သူတွေ များပြားလာမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဒါဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနှုန်းသိရပြီဆိုတော့ ဒီလောက်ထိ ဖြစ်လာရလောက်အောင် သူတို့တွေ သတိမထားမိဘူးဆိုရင် ဆီးချိုသွေးချိုရောဂါအန္တရာယ်တွေ အကြောင်း မသိလို့လား၊ ဘယ်လောက်ထိဆိုးရွားလာမလဲဆိုတာ ပြည်သူတွေကို ကျန်းမာရေးဗဟုသုတပေးပါဦး။**

**ပါမောက္ခဒေါက်တာကိုကို ။** ။ မကူးစက်ရောဂါလို့ခေါ်တဲ့ Non Communicable Diseaseမှာ ဆီးချိုပါတယ်။ သွေးတိုးပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဒ့ါအပြင် လေဖြတ်တာတွေပါတယ်။ နောက်ပြီး နာတာရှည်အဆုတ်ရောဂါပါတယ်။ အဲဒါတွေနဲ့ ပတ်သက်လို့လည်း ၂၀၁၄ မှ လုပ်ခဲ့တဲ့ Survey Finding အရ ဖြည့်စွက်ပြောချင်တာကတော့ သွေးတိုးက ဘယ်လောက်ထိဖြစ်နေလဲဆိုရင် ၂၅ နှစ် -၆၄ နှစ်ကြားမှာ မြန်မာနိုင်ငံရဲ့ဖြစ်ပွားနှုန်းက ၆ ဒသမ ၄ ရာခိုင်နှုန်း အလွယ်ပြောရင် ၁၀ ယောက်မှာ တစ်ယောက်သာ ဆီးချိုဖြစ်နေတယ်။ လေးယောက်မှာ တစ်ယောက်က သွေးတိုးဖြစ်နေတယ်။ နောက်တစ်ခု ဘာထပ်ပြီးသတိထားရမလဲဆိုရင် သွေးထဲအဆီဓာတ်များတယ်။ အဲဒါက ဘယ်သူမှ မစစ်ရဘူး။ သွေးတိုးဆီးချိုလူတိုင်းသွားစစ်ကြတယ်။ သွေးထဲမှာ အဆီများတာ ဘယ်သူမှ မစစ်ကြဘူး။ စစ်ကြည့်လိုက်တယ် လူ ၉၀၀၀ စစ်ကြည့်လိုက်တာ ၃၆ ဒသမ ၇ ရာခိုင်နှုန်း၊ ပြောချင်တာက သုံးယောက်မှာ တစ်ယောက်ဖြစ်တယ်။ သွေးတိုးရယ်၊ ဆီးချိုရယ်၊ အဆီများတာ ပေါင်းလိုက်ရင် လေဖြတ်တာတို့၊ နှလုံးသွေးကြောပိတ်တာတို့၊ ကျောက်ကပ်ထိတာတို့ မျိုးစုံဖြစ်လာမယ်။

**ကျန်းမာရေးညီညွတ်အောင်နေထိုင်မှုမရှိ**

ဒါတွေက ဘာကြောင့်ဖြစ်လာလဲဆိုရင် အဓိကကတော့ ကျန်းမာရေးညီညွတ်အောင် နေထိုင်စားသောက်မှု မရှိတာတွေကြောင့်ဖြစ်တာ၊ ကိုယ်လက်လှုပ်ရှားမှုတွေ အားနည်းလို့ဖြစ်တာ၊ အဓိကဆေးလိပ်သောက်တာကြောင့် ဖြစ်တာ၊ နောက် အရက်သေစာကို အန္တရာယ်ဖြစ်လောက်အောင် Harmful use of alcohol အဓိက အချက်ကြီး လေးချက်ကြောင့် ဆီးချိုလည်းဖြစ်တယ်။ သွေးတိုးလည်း ဖြစ်တယ်။ နှလုံးသွေးကြောကျဉ်း၊ လေဖြတ်၊ ကင်ဆာအကုန်လုံးကို ဖြစ်စေတယ်။ နိုင်ငံမှာထပ်ပြီး လေ့လာကြည့်တဲ့အခါမှာ ကျန်းမာရေးလေ့ကျင့်ခန်းကောင်းကောင်းမလုပ်နိုင်တာ ၁၉ ဒသမ ၅ ရာခိုင်နှုန်း လောက်တွေ့တယ်။ အဝလွန်တာ ၂၆ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်။ ဆေးလိပ်သောက်သုံးခြင်းက ယောက်ျားမိန်းမ ပေါင်းလိုက်ရင် ၂၆ ဒသမ ၅ ရာခိုင်နှုန်းလောက် ရှိတယ်။ အဲဒီထက်ပိုပြီး ကြောက်ဖို့ကောင်းတာ ကျွန်တော်တို့နိုင်ငံမှာ Smokeless Tobacco လို့ခေါ်တဲ့ ကွမ်းစားတာ၊ ဆေးရွက်ကြီးငုံတာ ၄၅ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်။ ဒီဟာတွေက ပြည်သူလူထုသိသင့်ပါတယ်။ ဒါကို မသိရင် ဒါတွေကြောင့် ဆီးချိုသွေးချိုဖြစ်တာ တကယ်တမ်းက ကာကွယ်ဖို့ဆိုရင် ဒါတွေကို လူတစ်ဦးချင်းက ဒီဟာတွေကို သိမှသာလျှင် ဒါတွေရှောင်ကြဉ်နိုင်မှသာလျှင် ကျွန်တော်တို့ ဆီးချိုသွေးချိုကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**ဆီးချိုသွေးချိုမကုရင်အန္တရာယ်ပေးနိုင်**

ဆီးချိုသွေးချိုဖြစ်ရင် ကြောက်စရာကောင်းလားဆိုတော့ ပြောချင်တာက ဆီးချိုသွေးချိုဖြစ်သွားရင် သတ်မှတ်ချက်တွေ ရှိတယ်။ လူတစ်ယောက်က ဆီးချိုဖြစ်တဲ့သူနဲ့ စဖြစ်တဲ့သူ ၁၀ နှစ်သက်တမ်းတိုသွားတယ်။ တကယ်မကုဘဲသွားရင် ခေါင်းကနေ ခြေထောက်အထိ အကုန်ဖြစ်တာ၊ မြန်မာနိုင်ငံမှာ မျက်စိကွယ်တာတွေ၊ အဓိက အကြောင်းမျက်ခမ်းစပ်တို့၊ တိမ်ရောဂါတို့ဖြစ်တယ်။ အခုက ဆီးချိုက နံပါတ်(၁) နေရာရောက်လာတယ်။ ကျောက်ကပ်ဆေးရတဲ့သူအများစု ကြည့်လိုက်ရင် ဆီးချိုသွေးချို၊ လေဖြတ်တာအများစုက ဆီးချိုသွေးချို၊ နှလုံးသွေးကြောပိတ်တာ အများစုက

စာမျက်နှာ ၉ သို့



**"အခုက ဆီးချိုက နံပါတ်(၁) နေရာရောက်လာတယ်။ ကျောက်ကပ်ဆေးရတဲ့သူအများစု ကြည့်လိုက်ရင် ဆီးချိုသွေးချို၊ လေဖြတ်တာအများစုက ဆီးချို သွေးချို၊ နှလုံးသွေးကြောပိတ်တာ အများစုက ဆီးချိုသွေးချို၊ သွေးတိုးဖြစ်နေတဲ့အတွက်ကြောင့် မကုဘဲထားရင် အကြီးအကျယ်ဒုက္ခရောက်မယ်"**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မကြာမီဖွင့်လှစ်တော့မည့် ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဆက်သွယ်သည့် ကျောက်ချွန်တံတား ကြည့်ရှုစစ်ဆေး

ဂွ နိုဝင်ဘာ ၁၈

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့မွန်းလွဲပိုင်းတွင် ဂွမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂွမြို့နယ်အတွင်းရှိ ကျောက်ချွန်တံတား ဖွင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် တံတားဖွင့်ပွဲကျင်းပရေး လုပ်ငန်းကော်မတီများအလိုက် ကျောက်ချွန်တံတားဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် မကြာမီ ဖွင့်လှစ်တော့မည့် ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ဆက်သွယ်ပေးမည့် ကျောက်ချွန်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကျောက်ချွန်ချောင်းကူးတံတားကို တံတားဦးစီးဌာန တည်ဆောက်ရေး(၂) အဖွဲ့က ဆောက်လုပ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားအမျိုးအစားမှာ အာရ်စီသံကူကွန်ကရစ်၊ သံကူဘိုးပိုင်ဖြစ်ပြီး တံတားအကျယ် ၂၄ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၂ ပေနှင့် အလျားအရှည် ပေ ၂၀၀ ရှိ၍ တံတား၏ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကာ ချဉ်းကပ်မြေသားလမ်းနှင့် တာပေါင် တည်ဆောက်မှုအပါအဝင် တန်ဖိုးငွေကျပ်သန်း ၈၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**



# ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံများ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ဒီဇင်ဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၈

**ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရေးအတွက် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်- ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းအား ခန့်မှန်းကုန်ကျစရိတ် ဘီလီယံ ၃၀ အကုန်အကျခံကာ ဒီဇင်ဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။**

ယင်းကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် အနေဖြင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ဒသမ ၂၀ မိုင်၊ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ မတ်လ ၁၅ ရက်မှစတင်ကာ ရသေ့တောင်မြို့ပေါ်ရှိ အိမ်ထောင်စု ၁၅၃၀ စုနှင့် ဘူးသီးတောင်မြို့ပေါ်ရှိ အိမ်ထောင်စု ၃၃၇၄ စုသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

"စီမံကိန်းက မောင်တောအထိဖြစ်ပါတယ်။ ဘူးသီးတောင်အထိက ပြီးသွားပါပြီ။ မောင်တောတစ်မြို့ပဲ ကျန်ပါတော့တယ်။ တပ်ဆင်အင်အားကတော့ ရသေ့တောင်မှာ ၅ အမ်ဗွီအေ၊ ပုဏ္ဏားကျွန်းမှာ ၂၀ အမ်ဗွီအေ၊ ဘူးသီးတောင်မှာ ၅ အမ်ဗွီအေ ရှိပါတယ်။ ဘူးသီးတောင်အထိ မီးလွှတ်နေပါပြီ။ နေရာဒေသအခက်အခဲတွေ၊ ရာသီဥတုအခက်အခဲတွေ တွေ့ကြုံခဲ့ရပေမယ့် တည်ဆောက်ရေးအဖွဲ့တွေက ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် ၆၆ ကေဗွီ ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ၃၃ မိုင်နဲ့ ၆၆/၁၁ကေဗွီ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းတွေ ပြီးစီးခဲ့ပြီဖြစ်လို့ အောက်တိုဘာလကုန်မှာ ဘူးသီးတောင်မြို့ပေါ်မှာရှိတဲ့ အိမ်ထောင်စု ၁၁၉၂ စုကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အနီးပတ်ဝန်းကျင်ကျေးရွာတွေဖြစ်တဲ့ ဂန္ဓမာ၊ စေတီတော် စတဲ့ ကျေးရွာပေါင်း ကိုးရွာကိုလည်း နိုင်ငံတော် ဓာတ်အားစနစ်ကနေ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ၆၆ ကေဗွီ ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း ၉ ဒသမ ၁ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဓာတ်အားလိုင်းမှာ ၄၈ ရာခိုင်နှုန်းနှင့် ဓာတ်အားခွဲရုံမှာ ၄၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



**၆၆ ကေဗွီ ရသေ့တောင်- ဘူးသီးတောင် ဓာတ်အားလိုင်းဆွဲနိုင်ရန် ခက်ခဲစွာ ဆောင်ရွက်ခဲ့မှုကို တွေ့ရစဉ်။**
ဓာတ်ပုံ-လျှပ်စစ်နှင့် စွမ်းအင်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/၉လ**



# ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ မိုးစပါးစံကွက်ရိတ်

**ကလော နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ် ပုန်းအင်းကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူ ဦးအောင်သန်းကျော်၏ ရွှေရင်အေးစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က အဆိုပါစိုက်ခင်း၌ ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ကလောမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာများမှ တောင်သူ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ စံပြစိုက်ခင်း၌ အထွက်နှုန်းကောက်ယူခဲ့ရာ တစ်ဧကအထွက်နှုန်း အစို ၁၀၂ ဒသမ ၃၅ တင်းနှုန်း၊ အခြောက် ၉၈ ဒသမ ၇၇ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

*စာမျက်နှာ ၈ မှ*

ဆီးချိုသွေးချို၊ သွေးတိုးဖြစ်နေတဲ့အတွက်ကြောင့် မကုဘဲထားရင် အကြီးအကျယ် ဒုက္ခရောက်မယ်။ ထို့နည်းတူ ရေရှည်နာတာရှည်ကုရတဲ့အတွက်ကြောင့် ပြည်သူလူထုဒုက္ခတွေလည်း ရောက်တယ်။ ဆင်းရဲမွဲတေမှုလည်း ဖြစ်စေတယ်။ ဆီးချိုသွေးချိုက မဖြစ်ခင်ကာကွယ်ရမယ်။ ဖြစ်ရင်ကုရမယ်။ မကုရင် အကြီးအကျယ်အန္တရာယ်ပေးနိုင်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

**ပါမောက္ခဒေါက်တာမိုးဝင့်အောင်။** ။ ဆီးချိုသွေးချိုရောဂါဟာအသက် ၂၅ နှစ်ကနေ ၆၄ နှစ်အတွင်း လူတွေများသောအားဖြင့် ဖြစ်ပွားတတ်တယ်ဆိုပေမယ့်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာလည်း ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနှုန်းတွေ ရှိနေပါတယ်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ ဖြစ်ပွားတတ်တဲ့ ဆီးချိုသွေးချိုနှစ်မျိုးနှစ်စား ရှိပါတယ်။ ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါဆိုတာကတော့ ယခင်က ဆီးချိုသွေးချိုမရှိပေမယ့် ကိုယ်ဝန်ဆောင်တဲ့ ကာလအတွင်းမှာ ပထမဆုံးအကြိမ် သွေးသကြားဓာတ် မြင့်တက်နေတာကို စတင်တွေ့ရှိရပါတယ်။ ဒါတွေကကိုယ်ဝန်ဆောင်ကာလ ၂၄ ပတ် ၂၈ ပတ်အတွင်း တွေ့ရှိနေရတာဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ကိုယ်ဝန်မဆောင်ခင်ကတည်းက ဆီးချိုသွေးချိုရောဂါရှိသူတွေဆိုရင် ၎င်းတို့ရဲ့ ဆီးချိုသွေးချိုအထိန်းဓာတ်ကို ပုံမှန်ဂဏန်းဖြစ်တဲ့ HbA1C (၇)မှာ ပုံမှန်မထိန်းထားဘူးဆိုရင် ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်းမှာ ကျန်းမာသန်စွမ်းတဲ့ ကလေးမွေးဖွားရန် ခက်ခဲပါတယ်။ သူတို့ကိုယ်တိုင်ကျန်းမာရေး ထိခိုက်မှုတွေ ဖြစ်နိုင်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုလူနာတွေ ဘယ်လောက်ရှိနေသလဲဆိုတော့ သူတို့မှာ Prevelence Data တွေ ရှိပါတယ်။ International Diabetes Foundation ကတော့ အချက်အလက်တွေရှိပါတယ်။ ကိုယ်ဝန်ဆောင် မိခင်ခုနစ်ယောက်မှာတစ်ယောက်က ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါကို ခံစားနေရတယ်လို့ပြောပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အချက်အလက်တွေ မရှိဘူး။ ဒါပေမယ့်ရန်ကုန်မြို့မှာရှိတဲ့ ဗဟိုအမျိုးသမီးဆေးရုံမှာ သုတေသနပြုလုပ်ထားတဲ့ ၂၀၁၇ -၂၀၁၈ အတွင်း ကောက်ယူထားတဲ့ စစ်တမ်းတွေအရ ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်း ကိုယ်ဝန်ဆောင်ဆီးချိုသွေးချိုရောဂါဝေဒနာခံစားနေရတာ တွေ့ရှိရပါတယ်။

**အစီအစဉ်မှူး။ ။ ကိုယ်ဝန်ဆောင်တွေမှာ ဆီးချိုသွေးချိုတွေ အဖြစ်များတယ်ဆိုတော့ ဆီးချိုသွေးချိုရောဂါနဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို မသိတဲ့သူတွေ ရှိနိုင်ပါတယ်။ ဆိုးကျိုးတွေက ဘာတွေဖြစ်လာမလဲဆိုတာ ကျန်းမာရေးစကားဝိုင်းမှာ မျှဝေပေးပါဦး။**

**ပါမောက္ခဒေါက်တာကိုကို။** ။ ဆီးချို သွေးချိုက ခေါင်းကနေခြေဖျားထိ အကုန်ဖြစ်တာ။ အဓိကအပိုင်းကြီး နှစ်ပိုင်းခွဲလိုက်ရင် သွေးကြောကျဉ်းတာ သွေးကြောသေးသေးလေးတွေ ကျဉ်းတာရှိတယ်။ ကျွန်တော်တို့က Microvascular လို့ ပြောပါတယ်။ သွေးကြောသေးသေးလေးတွေကိုထိရင် မျက်စိထိမယ်။ လူအများစု သိသလို မျက်စိထိရင် မျက်စိခွဲမှန်ဘီလူးထည့်လို့ရတယ်ဆိုတာက ဒါအတွင်းတိမ်တို့ ပြောတာ။ ဆီးချိုသွေးချိုနဲ့မဟုတ်ဘူး။ ဆီးချိုသွေးချိုမှာ သွေးကြောပေါက်သွားရင် ဘာမှလုပ်လို့ မရဘူး။ ခွဲလို့လည်းမရဘူး။ ဒါ့ကြောင့်မို့ မျက်စိကို တစ်နှစ်တစ်ခါ စစ်စေချင်တယ်။ ဒါအဓိကအရေးကြီးဆုံးပဲ။ အရေးကြီးဆုံးမြုပ်နှံမှုပဲ။ မျက်စိမကွယ်ခင်မှာ တစ်နှစ်တစ်ခါ စစ်သင့်တယ်။

ဒုတိယအနေနဲ့ ကျောက်ကပ်သွားထိနိုင်တယ်။ ကျောက်ကပ်သွားထိတဲ့အခါမှာ ကျောက်ကပ်နဲ့ ပတ်သက်လို့ တစ်နှစ်တစ်ခါ မှန်မှန်လေး စစ်ပေးပါ။ အဲဒီလိုစစ်ပေးခြင်းဖြင့် ကျောက်ကပ်မထိဘူးဆိုရင် ကာကွယ်နိုင်ပါတယ်။ နှစ်နဲ့ချီနေနိုင်ပါတယ်။ သေချာမထိန်းရင် ကျောက်ကပ်ထိသွားရင် ကျောက်ကပ်ဆေးရတဲ့ အဆင့်ထိရောက်သွားပါလိမ့်မယ်။ တစ်ဦးချင်းဒုက္ခရောက်သလို နိုင်ငံတော်မှာ ငွေကြေးကုန်တာကို တွေ့ရပါလိမ့်မယ်။ မျက်စိတွေ၊ ကျောက်ကပ်တွေ နောက်တစ်ခုက အာရုံကြောတွေ ထုံတာကျဉ်တာတွေ ဒုက္ခပေးလာလိမ့်မယ်။ ဒါတွေသည် ဆီးချိုသွေးချိုကောင်းကောင်းထိန်းမရလို့ သွေးကြောသေးသေးလေးတွေထိလို့ ဖြစ်တာ။ ဒါတွေကာကွယ်ချင်ရင် ဆီးချိုသွေးချိုကောင်းကောင်းထိန်းပါ။ တစ်နှစ်တစ်ခါ မှန်မှန်မျက်စိစစ်ပါ။ ကျောက်ကပ်စစ်ပါ။ အာရုံကြောတွေစစ်ပါလို့ တိုက်တွန်းချင်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

**နန္ဒာဝင်း**

# ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဖရူဆိုမြို့နယ်အတွင်း ဒုတိယအကြိမ် မြေငှားဂရန်ပေးအပ်ပွဲသို့ တက်ရောက်

လွိုင်ကော် နိုဝင်ဘာ ၁၈

**ဖရူဆိုမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် ဒုတိယအကြိမ် မြေငှားဂရန် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဖရူဆိုမြို့နယ် ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဖရူဆိုမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပုဲဒူ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူနှင့် ဒေါ်လွီးဇာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ မြေငှားဂရန်လက်ခံရရှိမည့် ထီးကူးဆိုရပ်ကွက်နှင့် ငွေတောင်ရွာသစ်ကျေးရွာမှ ပြည်သူများ တက်ရောက်ကြသည်။** (အောက်ပုံ)



**ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မြေငှားဂရန်များနှင့် ပတ်သက်ပြီး ၂၀၁၆ ခုနှစ် မေလမှစတင်ကာ ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် မြေငှားဂရန် ထုတ်ပေးနိုင်ရေး စတင်စီမံ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြေလျှော့ပေးနိုင်သည့် အခြေအနေများကို ဖြေလျှော့ပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုလို ပူးပေါင်းဆောင်ရွက်ပေးသည့် လွှတ်တော်(၃)ရပ်မှ ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများအား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဖရူဆိုမြို့နယ်အတွင်းရှိ မြေငှားဂရန်ရရှိသည့် ပြည်သူ ၂၁၂ ဦးအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်(၃) ရပ်မှ ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေငှားဂရန်များအား အသီးသီးပေးအပ်ခဲ့ကြသည်။

**ပေးအပ်နိုင်ခဲ့**

ယနေ့အခမ်းအနားတွင် ဖရူဆိုမြို့နယ် ထီးကူးဆိုရပ်ကွက်မှ ပြည်သူ ၁၁၃ ဦး၊ ငွေတောင်ရွာသစ်ကျေးရွာမှ ပြည်သူ ၉၉ ဦး စုစုပေါင်း ၂၁၂ ဦးအတွက် မြေငှားဂရန် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ဖရူဆိုမြို့နယ်အတွက် ပထမဆုံးအကြိမ်အဖြစ် မြေငှားဂရန် ပေးအပ်ခြင်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ထီးပေါ်ဆိုကျေးရွာအုပ်စုရှိ ပြည်သူ ၅၂ ဦးအတွက် ပေးအပ်နိုင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ဖရူဆိုမြို့နယ်အတွက် မြေငှားဂရန် ၂၆၄ ခု ထုတ်ပေးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ထွန်းလေး**

# နယ်များမှ ပင်လယ်ငါးခြောက်ဝယ်သူများ ထွက်ရှိရာဒေသများအထိ ကွင်းဆင်းဝယ်ယူမှုကြောင့် ဖျာပုံမြို့ပေါ် ငါးခြောက်ဈေးကွက် အရောင်းအဝယ်နည်းပါးလျက်ရှိ

**ဖျာပုံ နိုဝင်ဘာ ၁၈**

ဖျာပုံ ငါးခြောက်ဆိုင်များတွင် ငါးခြောက်ရာသီ ရောက်နေပြီဖြစ်သော်လည်း ယခင်နှစ်ကလောက် အရောင်းအဝယ် မကောင်းသေးကြောင်း သိရသည်။

ဆိပ်ကမ်းသာယာ ဈေးတွင် ငါးခြောက်ရောင်းဝယ်နေသူ ဦးကျော်မြင့်က "လက်လီတော့ ပုံမှန်ရောင်းနေရပါတယ်။ များများဝယ်မယ့်သူတွေက လမ်းပန်းဆက်သွယ်ရေးက ကောင်းတော့ ငါးခြောက်ထွက်ရှိရာ ပင်လယ်ကမ်းစပ်ရွာတွေကို တိုက်ရိုက်ဆင်းဝယ်ယူနေတော့ ဖျာပုံ ငါးခြောက်ဈေးကွက်မှာ အရောင်းအဝယ် အေးတယ်။ ပင်လယ်ငါးခြောက်များများထွက်ရှိပြီး ဈေးကျဆင်းမှာကတော့ တန်ဆောင်မုန်းလပြည့်ကျော် ဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်ကျော်ပြီးရင် အနယ်နယ် အရပ်ရပ်က ဝယ်လက်တွေ ဆင်းလာပြီး အလှူအတန်းတွေကလည်း များလာတော့ ငါးခြောက်ဈေးကွက် ကောင်းမွန်လာနိုင်တယ်"ဟု ပြောသည်။

နိုဝင်ဘာလလယ်ရက်မှစတင်ပြီး ဖျာပုံငါးခြောက်ဈေးကွက်တွင် ငါးခြောက်တစ်ပိဿာလျှင် ငါးကွမ်းရှပ်ခြောက်နှင့် ကကူရံငါးခြောက်ကို ငွေကျပ် ၁၇၀၀၀ မှ ၁၈၀၀၀၊ ငါးအုန်းငါးခြောက်ကို ငွေကျပ် ၁၄၀၀၀ မှ ၁၅၀၀၀၊ ပင်လယ်ငါးရံ့ခြောက်ကို ငွေကျပ် ၁၂၀၀၀ မှ ၁၃၀၀၀၊ ငါးနုပ်ခြောက်ကို ငွေကျပ် ၆၀၀၀ မှ ၆၅၀၀ နှင့် ငါးတံခွန်ခြောက်ကို ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဂျိုင်း(ကော့ကရိတ်)ယာယီဖောတံတား ပြုပြင်ပြီးစီး ကုန်တင်ယာဉ်များ ပုံမှန်သွားလာ

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ်၏ ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော ဘားအံ-မြဝတီကားလမ်း ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားအောက်ရှိယာယီဖောတံတားတွင် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီမှ ဖောတံတား၌ တပ်ဆင်ထားသော ဖောအမှတ်(၁၅)အား အစားထိုးလဲလှယ်တပ်ဆင်နေသဖြင့် ၁၃ တန်နှင့်အထက် ကုန်တင်ယာဉ်ကြီးများ ခေတ္တစောင့်ဆိုင်းနေကြရကြောင်း သိရသည်။

ဖောအမှတ်(၁၅) အစားထိုးလဲလှယ်တပ်ဆင်နေစဉ် လမ်းပိတ်ဆို့မှုမရှိစေရေးနှင့် ကြိုးတံတားပေါ်မှ ၁၃ တန်အောက် ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်စေရန်အတွက် ဂျိုင်းဘက်အခြမ်း၊ ကျုံဒိုးဘက်အခြမ်းတို့ကို နယ်မြေရဲစခန်းတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ညနေ ၅ နာရီတွင် ဖောတံတား ဖောအမှတ် (၁၅) ကို အစားထိုးလဲလှယ် တပ်ဆင်ခြင်းဆောင်ရွက်မှုပြီးစီး၍ ၁၃ တန်အထက် ကုန်တင်ယာဉ်များ ဖောတံတားပေါ်မှ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မြို့လယ်)တွင် ၀ ဒသမ ၉၈ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၀ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၂လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**



# ရေဘေးဒုက္ခသည်များအား ဘုရားဆင်းတုတော်များနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**တောင်ငူ နိုဝင်ဘာ ၁၈**

တောင်ငူမြို့ မိုဘိုင်းဓမ္မစကူးလ်ဆရာတော် ဦးကုမုဒ ဦးဆောင်၍ ရေတာရှည်မြို့နယ် ဆွာမြို့ဆွာမင်းလမ်းကျောင်းတိုက်အတွင်းဓမ္မာရုံ၌ ဆွာရေဘေးသင့်ကျေးရွာ ၁၉ ရွာမှ ရေဘေးပြန်လည်ထူထောင်ရေးအတွက် တောင်ငူအခြေစိုက် စုပေါင်းပရဟိတအဖွဲ့များနှင့် စေတနာရှင်များလှူဒါန်းခဲ့ကြသော အလိုတော်ပြည့်ဘုရားဆင်းတုတော် ၂၀၀ ၊ ဘုရားကျောင်းဆောင်၊ ဆန်၊ ဆေး၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ရေတွင်းရေကန်နှင့် စားသောက်ဖွယ်ရာများ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်ဖိုးကို နိုဝင်ဘာ ၁၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲသို့ ရေတာရှည်မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာဇောတ(ဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်သော သံဃာတော်အရှင်သူမြတ်များ၊ ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူး၊ တောင်ငူအခြေစိုက် ပရဟိတအဖွဲ့တာဝန်ခံကိုဇင်နှင့်အဖွဲ့ဝင်များ၊ ရေဘေးသင့်ရွာသူ ရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **ဝင့်ရ**

# ကာတွန်းဆရာကြီးများအား ဂါရဝပြုကန်တော့

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ဦးဆောင်၍ သက်ကြီးဝါကြီး ကာတွန်းဆရာကြီးများအား (၄၂)ကြိမ်မြောက် ဂါရဝပြုကန်တော့ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျောက်တံတားမြို့နယ် ၃၅ လမ်း(အလယ်)ရှိ Moon Art Gallery ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌ ကာတွန်းအော်ပီကျယ်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကန်တော့ခံ ကာတွန်းဆရာကြီးများ၊ တက်ရောက်လာသော ကာတွန်းဆရာများကို ကာတွန်းစိုးစံဝင်းက မိတ်ဆက်ပေးသည်။

ယင်းနောက် ကန်တော့ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကန်တော့ခံဆရာကြီးများအား ကန်တော့ကြကာ ကန်တော့ခံဆရာကြီးတစ်ဦးလျှင် ငွေကျပ် ၆၇၀၀၀၀ စီနှင့် ကန်တော့ခံပစ္စည်းများဖြင့် ပေးအပ်ဂါရဝပြုကြသည်။

ယင်းနောက် ကန်တော့ခံဆရာကြီးများကိုယ်စား ကာတွန်းဆရာကြီး မောင်မောင်လေး၊ ဆရာကြီးချစ်ဆွေ၊ ဆရာကြီးမောင်မောင်သက်တို့က သြဝါဒစကားများ ပြောကြားပေးကြသည်။

ဂါရဝပြုကန်တော့ပွဲသို့ ကာတွန်းဆရာကြီးများဖြစ်သည့် မောင်မောင်သက်၊ ရွှေမင်းသား၊ မောင်မောင်၊ မြဇာ၊ မြင့်သိန်း၊ မေစန်း၊ သစ်ထွဏ်၊ မောင်မောင်လေး၊ ချစ်ဆွေ၊ အကိန်း၊ တင်အောင်နီ၊ အောင်အောင်တို့သာ တက်ရောက်ကန်တော့ခံနိုင်ခဲ့ပြီး ကာတွန်းဆရာငွေကြည်နှင့် ဆရာလှဖေတို့မှာ ကျန်းမာရေးကြောင့်မတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မန္တလေးတွင် နည်းပညာအပြောင်းအလဲနှင့် စီးပွားရေးအိုင်ဒီယာဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၈**

ချင်းတွင်းကောလိပ်မှ စီစဉ်သည့် နည်းပညာအပြောင်းအလဲနှင့် စီးပွားရေးအိုင်ဒီယာဟောပြောပွဲကို ယမန်နေ့က မန္တလေးမြို့ Swan Hotel မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းတွင်း PSB – Institute ၏ College Director ဦးကံဝင်းအောင်က အမှာစကားပြောကြားပြီး ချင်းတွင်း PSB Institute ၌ သင်ယူနိုင်သော နောက်ဆုံးနှစ် Programme များကို တိုက်ရိုက်ချီးမြှင့်နေသည့် University of Postmouth နှင့် Vice Chancellor Professor ဂရေဟမ်ဂဲဘရစ်မှ University of Postmouth ၏အကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နည်းပညာအပြောင်းအလဲနှင့် စီးပွားရေးအိုင်ဒီယာ ဟောပြောပွဲတွင် ပြောင်းလဲနေသော နည်းပညာရိုက်ခတ်မှုနှင့်အတူ စီးပွားရေးလုပ်ငန်းများအတွက် အိုင်ဒီယာများနှင့် ပတ်သက်၍ ဆရာမာသင်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆရာကောင်းလွန်းက တိုးတက်လာသော နည်းပညာ၊ ပြောင်းလဲနေသော စီးပွားရေးစနစ်များအတွက် လွန်စွာအရေးပါလှသော ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပြင်ဆင်သည့်သည်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# မြန်မာ့ရိုးရာလက်ဝှေ့(ဂျပန်)ပွဲစဉ်အားလုံး သရေကျ




**တိုကျို နိုဝင်ဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (ဂျပန်)၏ (၁၀) ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို နိုဝင်ဘာ ၁၆ ရက်က တိုကျိုမြို့ ခိုလခုအန်ခန်းမ၌ ကျင်းပရာ တွဲဆိုင်းအားလုံးသရေပွဲရလဒ်များ ထွက်ပေါ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ဂျပန်၊ မြန်မာ၊ နယူးဇီလန်နှင့် ထိုင်ဝမ်တို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရာ ကီလို ၁၀၀ တန်း ပထမပွဲစဉ်တွင် ယာဘု(ဂျပန်)နှင့် ဒေါင်ဇင်ဝူး(ထိုင်ဝမ်)၊ ကီလို ၁၀၀ တန်း ဒုတိယပွဲစဉ်တွင် တန်ရှိယာမ(ဂျပန်)နှင့် ယူတိုနာကာဂျီးမား(ဂျပန်)၊ တတိယပွဲစဉ်ဖြစ်သော ၆၂ ကီလိုတန်းတွင် မာကိုတို (ဂျပန်)နှင့် ရှိမိဇု(ဂျပန်)၊ စတုတ္ထပွဲစဉ် ၆၅ ကီလိုတန်းတွင် ပတ်ကျော်လင်းနိုင် (မြန်မာ)နှင့် ကေးကိုလန် (နယူးဇီလန်)၊ ပဉ္စမပွဲစဉ် ၆၃ ကီလိုတန်းတွင် ကျားဘဟိန်း(မြန်မာ)နှင့် ဟီဂါရှီ (ဂျပန်)၊ နောက်ဆုံးပွဲစဉ် ၇၃ ကီလိုတန်းတွင် စိုးထက်ဦး (မြန်မာ)နှင့် တိုခဲရှီ(ဂျပန်) တို့ ထိုးသတ်ခဲ့ကြသည်။

မြန်မာကစားသမားများသည် အနိုင်ရရန်ထက် မရှုံးဘဲ သရေရရန်ပင် ကြိုးစားခဲ့ကြရသည်။ **(ယာပုံ)** ဆုများကို ဂျပန်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ နာကာယာမနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် စောလင်းတို့က ပေးအပ်ချီးမြှင့်ကြသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ကျင်းပလာခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့(ဂျပန်) Lethwei in Japan ပွဲစဉ်များကို ၂၀၁၉ ခုနှစ်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် တန်ဆောင်တိုင်ပွဲတော် LED မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ စတင်၍ ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအတွင်း၌ ကျင်းပရာ လာရောက်လည်ပတ်သူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

မောင်မောင်ထိန်

(ကျောက်ပန်းတောင်း)

## ဒေးဒရဲမြို့နယ်မှ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**ဒေးဒရဲ နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မြင်းကကုန်းကျေးရွာအုပ်စု၌ နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်သော မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်အတူ တက်ရောက်အားပေးကြည့်ရှုခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ထုံးထည့်သွင်းထားသည့် စံပြကွက်နှင့် သမားရိုးကျထုံးမထည့်ထားသောအကွက်တို့မှ ထွက်ရှိသည့် စပါးပင်များ၏ အပင်ပွားမှု၊ အထွက်နှုန်းနှင့် အရည်အသွေးများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် စံကွက်ရိတ်သိမ်းရာတွင် ဒေသခံတောင်သူ ဦးမြင့်ကို၏ ထုံးထည့်သွင်းစိုက်ပျိုးထားသော စံပြကွက် ၀ ဒသမ ၈ ဧကနှင့် ထုံးထည့်မထားသော ၀ ဒသမ ၆၄ ဧကတို့ကို ရိတ်သိမ်းခြွေလှေ့စက်နှစ်စီးဖြင့် ယှဉ်ပြိုင်ရိတ်သိမ်းခဲ့ရာ ထုံးထည့်သွင်းစိုက်ပျိုးထားသည့် စံပြကွက်မှ တစ်ဧကလျှင် ၇၂ ဒသမ ၂၅ တင်းနှင့် သမားရိုးကျကွင်းမှ ၆၁ ဒသမ ၉၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ ယခုလို လက်တွေ့စပါးအထွက်တိုးမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအနေဖြင့် တောင်သူများအား လယ်ယာမြေများတွင် ထုံးထည့်ခြင်း၊ စိုက်ပျိုးမြေပြုပြင်ခြင်းနှင့် အခြားသွင်းအားစုများ စနစ်တကျ ထည့်သွင်းစိုက်ပျိုးခြင်းတို့ကို ရာနှုန်းပြည့်အကောင်အထည်ဖော်နိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့၌ (၁၀) ကြိမ်မြောက် MISA စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပ၊ ပြိုင်ပွဲဝင် ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

**မန္တလေး နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် MISA တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး စားပွဲတင်တင်းနစ်ဆပ်ကော်မတီ၏ ပံ့ပိုးမှုဖြင့် ကျင်းပသော (၁၀)ကြိမ်မြောက် MISA စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၅၈ လမ်းရှိ အဆိုပါ Mandalay International Science Academy ကျောင်းအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကျော်ဆန်း (ကာကွယ်ရေး)နှင့် ဆုသူရသိန်း (လက်ရွေးစင်ဟောင်း)တို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကြရာ ဆုသူရသိန်းက ပထမ၊ ကျော်ဆန်းက ဒုတိယနှင့် ထက်အောင်ငြိမ်းက တတိယရရှိခဲ့ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားမှုကို မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ် ဒိုင်လူကြီးများ၊ အား/ကာ သိပ္ပံကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ ချမ်းအေးသာစံမြို့နယ် အားကစားဦးစီးအရာရှိ ဦးအောင်နိုင်ထူး၊ MISA ကျောင်းအုပ်ဆရာကြီး Mr.Michael Garton နှင့် ဆရာဆရာမများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲသို့ ရန်ကုန်၊ ပြင်ဦးလွင်၊ ရွှေဘိုမြို့တို့အပါအဝင် မန္တလေးမြို့ပေါ်ကျောင်းအသီးသီးမှ ပြိုင်ပွဲဝင် အားကစားမောင်မယ် ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသက် (၁၃ နှစ်) အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် (၁၅)နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အပျော်တမ်း အဆင့်ပြိုင်ပွဲ၊ အသက် (၄၅ နှစ်)အထက် အမျိုးသားပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားပြိုင်ပွဲနှင့် ပထမတန်းအဆင့် အမျိုးသားပြိုင်ပွဲတို့တွင် အသီးသီးပါဝင်၍ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းမှ စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုငွေ၊ ဆုတံဆိပ်နှင့် ဆုဖလားများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



## မတ်ပဲဈေးနှုန်းအတက်အကျ များနေ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်းအတက်အကျ များနေရာ နိုဝင်ဘာ ၁၇ ရက်စနေနေ့ဈေးကွက်တွင် မတ်ပဲ RC တစ်တန် ၈၉၃၀၀၀ ကျပ်၊ SQ/RC တစ်တန် ၁၁၂၈၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန် ၇၃၀၀၀၀ ကျပ်ရှိရာ မတ်ပဲ ဈေးနှုန်းပြန်လည်ကျဆင်းလာသည်ဟု ပဲဈေးကွက်မှ သိရသည်။

အောက်တိုဘာ ၂၂ ရက်အထိ မတ်ပဲ RC တစ်တန် ၅၉၃၀၀၀ ကျပ်၊ SQ/RC တစ်တန် ၈၀၀၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန် ၅၃၅၀၀၀ ကျပ်နှုန်း ရှိရာမှ ဝါကျွတ်ပိတ်ရက်အလွန် ပဲဈေးနှုန်းများ စတင်မြင့်တက်လာရာ နိုဝင်ဘာ ၆ ရက်တွင် မတ်ပဲ RC တစ်တန် ၉၈၀၀၀၀ ကျပ်၊ SQ/RC တစ်တန် ၁၁၆၆၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန် ၈၃၄၀၀၀ ကျပ်အထိ မြင့်တက်ခဲ့သည်။

ယင်းရက်အလွန် မတ်ပဲဈေးပြန်လည်ကျဆင်းလာရာ နိုဝင်ဘာ ၁၃ ရက်တွင် မတ်ပဲ RC တစ်တန် ၈၆၀၀၀၀ ကျပ်၊ SQ/RC တစ်တန် ၁၀၆၀၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန် ၆၇၅၀၀၀ ကျပ်နှုန်းသို့ ဈေးကျဆင်းလာသည်။

သို့သော် နိုဝင်ဘာ ၁၄ ရက်တွင် မတ်ပဲ RC တစ်တန် ၉၄၀၀၀၀ ကျပ်၊ ၁၅ ရက်တွင် ၉၁၀၀၀၀ ကျပ်၊ ၁၆ ရက်တွင် ၉၂၈၀၀၀ ကျပ်၊ ၁၇ ရက်တွင် ၈၉၃၀၀၀ ကျပ်နှုန်းရှိရာ ယခုရက်ပိုင်း ဈေးနှုန်းပြောင်းလဲမှုမှာ တစ်တန်လျှင် ကျပ်သုံးသောင်းဝန်းကျင်ရှိနေသည်။ ပဲဈေးနှုန်း အပြောင်းအလဲအလားအလာအတွက် ခန့်မှန်းပြောဆိုခြင်းသာရှိနေ၍ နေ့စဉ် ဈေးနှုန်းအတက်အကျများနေကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။

ရန်ကုန်ပဲဈေးကွက်၏ နေ့စဉ်ထုတ်ပြန်သောဈေးနှုန်းနှင့် ယှဉ်ဖော်ပြသော အရောင်းအဝယ်ဖြစ်သည့်ကုန်သေတ္တာအလုံးရေမှာ ပျမ်းမျှ ၁၀၀ ဝန်းကျင်ရှိနေရာ ဈေးနှုန်းနေ့စဉ်အတက်အကျ ဖြစ်နေချိန်တွင် ကွာခြားသော အကျိုးအမြတ် ငွေပမာဏမှာ များပြားသဖြင့် ပဲဈေးကွက်တွင် အရောင်းအဝယ်စည်ကားနေသည်ဟု ဘုရင့်နောင်ဈေးကွက်သို့ သွားရောက်သူ ကိုထွန်းက ဆိုသည်။

ယခုလပိုင်း ဘုရင့်နောင်ဈေးကွက်တွင် စားအုန်းဆီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများ ဈေးနှုန်းကျဆင်းနေခြင်းနှင့်အတူ အရောင်းအဝယ်ကျဆင်းနေချိန် ပဲလောကတွင် အရောင်းအဝယ်စည်ကားနေသည်မှာ ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၇ နိုဝင်ဘာလဆန်းပိုင်းမြင်ကွင်းနှင့် ပြောင်းပြန်ဖြစ်နေသည်။ ယခင်နှစ် ကာလတူအချိန်တွင် ကြက်သွန်နီ၊ စားအုန်းဆီဈေးကွက် အရောင်းအဝယ်ကောင်းနေချိန် ပဲဈေးကွက်မှာ အရောင်းအဝယ်နည်းပါးခဲ့သည်ဟု စိန်ပန်းလမ်းမှ ပွဲရုံလုပ်ငန်းရှင် ဦးလှဟန်က နှိုင်းယှဉ်ပြောကြား သည်။ **ခင်ဆိုင်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ နောင်ချိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

**ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအနီး ဖွင့်လှစ်ထားသည့် Sports Bar စားသောက်ဆိုင်တွင် နိုဝင်ဘာ ၁၈ ရက် ည ၉ နာရီ ၄၅မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။**

(မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းကို စုံစမ်းနေဆဲဖြစ်ပြီး ည ၁၀ နာရီ ၆ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။)

မြန်မာ့အလင်း

ဓာတ်ပုံ-(MFSD)



● *ကျောဖုံးမှ*

မြန်မာဝူရှူးအဖွဲ့သည် ဒုတိယနေ့တွင် ပြိုင်ပွဲအမျိုးအစားလေးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သိန်းသန်းဦးမှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာဝူရှူးအတွက် ငြိမ်းချမ်းကိုကို က ထိုက်ကျိကျန့်ပြိုင်ပွဲတွင် ၉ ဒသမ ၆၇ မှတ်ဖြင့် ရွှေတံဆိပ်ဆုရယူပြီး ဟောင်ကောင်အားကစားသမားနှစ်ဦးက ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့သည်။ ဟောင်ကောင်မှTak Yan Samuam က ထိပ်ဆုံးမှ ၉ ဒသမ ၆၆ မှတ်ဖြင့် ရပ်တည်နေပြီး မြန်မာမှ ငြိမ်းချမ်းကိုကိုက နောက်ဆုံးမှ ယှဉ်ပြိုင်ခဲ့ရ၍ ၉ ဒသမ ၆၇ မှတ်ဖြင့် ရွှေတံဆိပ်ဆုကို မြန်မာနိုင်ငံအတွက် ရယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာမှ စန္ဒီဦးက ချန်းရှုးပြိုင်ပွဲတွင် ၉ ဒသမ ၄၁ မှတ်ဖြင့် ငွေတံဆိပ်ဆုရယူပြီး မလေးရှားကစား သမားက ရွှေတံဆိပ်နှင့် ဂျပန်ကစားသမားက ကြေးတံဆိပ်ဆုရရှိခဲ့ ကြသည်။

စန္ဒီဦးသည် မလေးရှားကစားသမားနှင့် မယှဉ်ပြိုင်မီအထိ ထိပ်ဆုံးမှ ဦးဆောင်နေပြီး နောက်ဆုံးယှဉ်ပြိုင်သည့် မလေးရှားကစားသမားက ၉ ဒသမ ၆၅ မှတ်ဖြင့် ရွှေတံဆိပ်ဆုရခဲ့ခြင်း ဖြစ်သည်။ အေးသစ္စာမြင့်မှာ အမျိုးသမီးနန်းကျန့်ပြိုင်ပွဲတွင် ၉ ဒသမ ၁၈ မှတ်ဖြင့် ကြေးတံဆိပ်ရယူနိုင်ခဲ့ပြီး ဟောင်ကောင်ကစားသမားက ၉ ဒသမ ၃၉ မှတ်ဖြင့် ရွှေတံဆိပ်ဆုနှင့် ဗီယက်နမ်ကစားသမားက ၉ ဒသမ ၃၈ မှတ်ဖြင့် ငွေတံဆိပ်ဆုရရှိခဲ့သည်။

ပြိုင်ပွဲနှစ်ရက်ပေါင်းတွင် မြန်မာဝူရှူးအဖွဲ့မှ သိန်းသန်းဦးသည် ပြိုင်ပွဲနှစ်မျိုးယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ ပြိုင်ပွဲများအပြီး နိုင်ငံအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသည့် အားကစားသမားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကမ္ဘာ့ဝူရှူးအဖွဲ့ဝင် Ms.Ang Mong Seng နှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ကြသည်။

(၂)ကြိမ်မြောက် ကမ္ဘာ့ထောက်လု (ဝူရှူး)ပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့သည် ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲအပြီးတွင် တတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူး (ထောက်လု)ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျပန်နိုင်ငံသို့ အလံကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အေကေလင်း**






ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် တာဝန်ရှိသူများ ဝူရှူးယှဉ်ပြိုင်မှု ကြည့်ရှုအားပေးစဉ်။

# မြန်မာနှင့် ဗီယက်နမ်အသင်း နိုဝင်ဘာ ၂၀ ရက် ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

၂၀၁၈ ခုနှစ် အာဆီယံ ဆူဇူကီးဖလား ပြိုင်ပွဲ အုပ်စု(က) စတုတ္ထနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရေး အရေးပါသည့်ပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။

မြန်မာနှင့် ဗီယက်နမ်အသင်းသည် နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယနေ့အပြီး အုပ်စု(က) ရပ်တည်မှုအရ မြန်မာနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်ရထားပြီး ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့မှာ အမှတ်မရသေးပေ။ လက်ရှိအနေအထားအရ ဆီမီးဖိုင်နယ် တက်ခွင့်ရရန် မြန်မာ၊ ဗီယက်နမ်နှင့် မလေးရှားတို့သာ အပြိုင်လုရဖွယ်ရှိပြီး ယင်းသုံးသင်း ထိပ်တိုက်တွေ့ဆုံမှုရလဒ်များမှာ အဆုံးအဖြတ်ဖြစ်ဖွယ်ရှိနေသည်။ ဗီယက်နမ်အသင်းသည် မလေးရှားအသင်းကို အိမ်ကွင်း၌ အနိုင်ရထားရာ မြန်မာအသင်းထံမှ အမှတ်ရယူနိုင်ရုံဖြင့် ဆီမီးဖိုင်နယ်တက်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ ဗီယက်နမ်အသင်းသည် နောက်ဆုံးပွဲအဖြစ် ကမ္ဘောဒီးယားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အနိုင်ရထားသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်ရန် အခက်အခဲကာလကို ယခုမှ စတင်ဖြတ်သန်းရခြင်းဖြစ်ပြီး ရလဒ်ကောင်း ရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို လေးဂိုး-တစ်ဂိုး၊ လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗီယက်နမ်အသင်းမှာမူ လာအိုအသင်းကို သုံးဂိုးပြတ်၊ မလေးရှားအသင်းကို နှစ်ဂိုးပြတ်အနိုင်ရထားသည်။ ဗီယက်နမ်အသင်း၏ ပေးဂိုးမရှိသေးသည့် ခံစစ်ကို မြန်မာအသင်းအနေဖြင့် ကျိုးပျက်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် ဒဏ်ရာပြဿနာကင်းစင်နေသော်လည်း ဘယ်နောက်ခံလူ သိန်းသန်းဝင်းမှာ နှစ်ပွဲဆက် အဝါကတ်ပြခံရသောကြောင့် ဗီယက်နမ်နှင့်ပွဲကို လွဲချော်မည်ဖြစ်သည်။ ယခုပွဲမှာ မြန်မာအသင်းအတွက် ဆီမီးဖိုင်နယ်တက်ရေး အရေးပါသည့်ပွဲဖြစ်နေပြီး ပရိသတ်များ၏ စိတ်ဝင်စားမှုမှာလည်း မြင့်တက်နေရာ ပရိသတ်များ၏ ကွင်းလုံးပြည့်အားပေးမှုဖြင့် နိုင်ပွဲရရန် ကြိုးပမ်းရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

❍ မန်ယူအသင်းသည် စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာအနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ငြင်းဆိုခဲ့ပါက အဲဗာတန်အသင်းမှ အသက် ၂၄နှစ်အရွယ် အင်္ဂလန်ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်ကို ပေါင်သန်း ၆၀ ဖြင့် ကမ်းလှမ်းလိမ့်မည်ဖြစ်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။

❍ ၂၀၁၈ ခုနှစ်အတွက် ဘီဘီစီအာဖရိကတစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုအတွက် ဆန်ခါတင်ငါးဦးစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ မော်ရိုကိုမှ ဘင်နာတီယာ၊ ဆီနီဂေါမှ ကော်လီဘာလီနှင့် မာနေး၊ ဂါနာမှ ပါတေးနှင့် အီဂျစ်မှ ဆာလာတို့ ပါဝင်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

❍ မန်စီးတီးအသင်းသည် အိုင်းယက်စ်အသင်းမှ အသက် ၂၁ နှစ်အရွယ် နယ်သာလန် ကွင်းလယ်ကစားသမား ဖရန်ကီ ဒီဂျောင်ကို ပေါင် ၆၁ သန်းဖြင့် ခေါ်ယူရန် ဘာစီလိုနာအသင်းအားကျော်ကာ လက်ဦးမှုရယူလိုက်ပြီဖြစ်ကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။

❍ လီဗာပူးအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဟော်ဖန်ဟိန်းအသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အသက် ၂၅ နှစ်အရွယ် ဒီမီယာဘောကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

❍ ပီအက်စ်ဂျီအသင်းသည် အာဆင်နယ်၊ တော့တင်ဟမ်အသင်းတို့အပြိုင် မန်ယူအသင်းမှ အသက် ၂၄ နှစ်အရွယ် အိုင်ဗရီကို့စ် နောက်ခံကစားသမား ဘိုင်လီကို ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။

❍ အာဆင်နယ်အသင်းမှ ဝေးလ်ကွင်းလယ်ကစားသမား အာရွန် ရမ်ဆေး (၂၇နှစ်) သည် ၎င်းအနေဖြင့် ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့ကစားပါက တစ်နှစ်လျှင် ပေါင် ၁၀ ဒသမ ၄ သန်း ရှာဖွေနိုင်မည်ဖြစ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားပြီး ဘိုင်ယန်မြူးနစ်အသင်းကလည်း အဆိုပါကစားသမား၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

❍ မန်ယူအသင်းမှ နောက်ခံကစားသမား ဗလင်စီယာသည် ၎င်း၏ သက်တမ်းတိုးစာချုပ်နှင့်ပတ်သက်ပြီး မန်ယူအသင်းနှင့် သဘောတူညီမှု မရရှိခဲ့ပါက နောက်ထပ် ပရီမီယာလိဂ်ကလပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း မက်ထရို ဖော်ပြချက်အရ သိရသည်။ အသက် ၃၃ နှစ်အရွယ်ရှိ အီကွေဒေါကစားသမား၏ မန်ယူအသင်းမှ လက်ရှိစာချုပ်သက်တမ်းသည် နွေရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

❍ မန်ယူနည်းပြ မော်ရင်ဟိုသည် ဝက်စ်ဟမ်းအသင်းမှ အသက် ၁၉ နှစ်အရွယ် ရိစ်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန် ဆန္ဒရှိနေကာ ပြီးခဲ့သည့် ကြာသပတေးနေ့က အမေရိကန်အသင်းနှင့် ခြေစမ်းပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ပွဲထွက် ကစားပေးခဲ့သော ဘရိုက်တန်အသင်းမှ ဒွန့်ခ် (၂၇နှစ်) ကိုလည်း ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ သုံးခွမြို့နယ်အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၂နှစ်)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ယမန်နေ့က သုံးခွမြို့နယ်အသင်းနှင့် ရွှေပြည်သာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သုံးခွမြို့နယ်ဘောလုံးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။**

အဆိုပါ ဘောလုံးဗိုလ်လုပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ခရမ်းသုံးခွနှင့် ရွှေပြည်သာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်း ၄၅ မြို့နယ်ရှိသည့်အနက် ကိုကိုးကျွန်းမြို့နယ်မပါ ၄၄ မြို့နယ် ပထမအဆင့်ဇုန်အလိုက် အုပ်စုခွဲ ပွဲစဉ်အလိုက် အရှေ့ပိုင်းခရိုင်ဇုန်ကို တောင်ဥက္ကလာပဒေသာကွင်းနှင့် မြောက်ဒဂုံကွင်းတို့တွင် လည်းကောင်း၊ အနောက်ပိုင်းခရိုင်ဇုန်ကို ရန်ကုန် F.C ကွင်းနှင့် ကြည့်မြင်တိုင် စလင်းကွင်းတို့၌ လည်းကောင်း၊ မြောက်ပိုင်းခရိုင်ဇုန်ကို ရွှေပြည်သာနဝရတ်ကွင်းနှင့် အင်းစိန်မီးရထားကွင်းတို့၌ လည်းကောင်း၊ တောင်ပိုင်းခရိုင်ဇုန်ကို သန်လျင်ကွင်းနှင့် တွံတေးကွင်းတို့ လည်းကောင်း အောက်တိုဘာ ၆ ရက်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက်ကစ၍ ကြည့်မြင်တိုင်မြို့နယ် စလင်းကွင်းနှင့် လှိုင်မြို့နယ် ရန်ကုန် F.C ကွင်းတို့တွင် ရှုံးထွက်ပွဲ၊ အကြိုဗိုလ်လုပွဲ၊ တတိယနေရာလုပွဲကို နိုဝင်ဘာ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဘောလုံးပွဲအပြီးတွင် ဆုများချီးမြှင့်ပေးခဲ့ရာ ပထမဆုရရှိသည့် သုံးခွမြို့နယ်အသင်းအား ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရရှိသည့် ရွှေပြည်သာအသင်းကို ငွေကျပ်သိန်း ၂၀၊ တတိယဆုရရှိသည့် အလုံအသင်းကို ငွေကျပ် ၁၅ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



❍ *ကျောဖုံးမှ*

စိုးလင်းဦး ပင့်ထောက်လက်သီးများကို မကာကွယ်နိုင်ဘဲ အထိနာခဲ့သည်။

တတိယအချီတွင် စိုးလင်းဦး၏ ပင့်လက်သီးတစ်ချက် ခံလိုက်ရသော ဆမ်ခွန်ညာမျက်ခမ်းအောက် အထိနာခဲ့သလို စိုးလင်းဦးလည်း ဆမ်ခွန်၏ ဘယ်တံတောင်ရိုက်ချက်မိကာ ညာချိုစောင်း အနည်းငယ်ထိခဲ့သည်။ ပြိုင်ပွဲမှာ ပွဲချိန်ပြီးဆုံးခါနီးအချီများအထိ သူတစ်ပြန် ကိုယ်တစ်ပြန် ပရိသတ်များ ကြည့်ကောင်းခဲ့သော်လည်း နောက်ဆုံးငါးချီ ပြီးဆုံးချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်သာ ပြီးဆုံးခဲ့ပြီး စိုးလင်းဦး အစီးသရေဖြင့် ကျေနပ်လိုက်ရသည်။

အဆိုပါ နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် အခြားပြည်ပ၊ ပြည်တွင်းတွဲဆိုင်းများမှာ စောဆဝါး (ဒို့ရိုးရာ)နှင့် ရပ်ချပ်စီ(ထိုင်း)တို့ပွဲ၌ စတုတ္ထအချီ ၁ မိနစ် ၂၀ စက္ကန့်အရောက်တွင် စောဆဝါးက ညာလက်သီးတစ်လုံးပစ်သွင်းကာ ရပ်ချပ်စီ(ထိုင်း)ကို အလဲထိုးအနိုင်ယူခဲ့ပြီး စောမူထော်ဂေး(သတ္တိ)နှင့် ဖစ်ဖရောင်(ထိုင်း)တို့ပွဲတွင် ငါးချီပြည့် တစ်ဦးနှင့်တစ်ဦး အလဲထိုးအနိုင်ယူရန် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင် မပေါ်ခဲ့ပေ။

ယင်းနောက် ပြည်တွင်းစိန်ခေါ်ပွဲစဉ်များဖြစ်သော တောက်ရှား(AMT-2)နှင့် ကောင်းပြည့်ကျော်(ဒို့ရိုးရာ)ပွဲတွင် သရေကျခဲ့ပြီး၊ မြတ်မင်း(နဂါးမာန်)နှင့် ထွန်းလင်းအောင်(ဒို့ရိုးရာ)ပွဲတွင် ပထမအချီ ၂ မိနစ် ၁၉ စက္ကန့်မှာပင် မြတ်မင်းအလဲထိုးခံလိုက်ရကာ ကနောင်သွေး(အဖြူရောင်သွေးသစ်)နှင့် နိုင်ဝမ်း (ခြင်္သေ့မင်း) ပွဲမှာလည်း သရေဖြင့်သာ ပြီးဆုံးခဲ့သည်။ တစ်ဖန် ကမ္ဘာရှား (AMT-2)နှင့် ခူဝံကြယ်(မုဒ္ဒံသား)တို့ပွဲ၌ ဒုတိယအချီ ၁ မိနစ် ၅၀ စက္ကန့်တွင် ကမ္ဘာရှားအလဲထိုးဖြင့် အနိုင်ရကာ ပွဲသိမ်းအနိုင်ယူခဲ့ကြောင်း သိရသည်။ ယနေ့ကျင်းပသော နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများနှင့် ပြည်တွင်း မျိုးဆက်သစ်ပွဲများအား ပြည်ပနိုင်ငံခြားသားအများစု လာရောက်ကြည့်ရှုခဲ့ကြပြီး ယင်းပွဲစဉ်များကို MRTV- 4 မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဘားအံ-မြဝတီကားလမ်းတွင် ကျောက်ပြားများတင်ဆောင်လာသည့် တွဲယာဉ်တစ်စီး မီးလောင်မှုဖြစ်

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်းပေါ်တွင် နိုဝင်ဘာ ၁၇ ရက် ညပိုင်းက တွဲကားတစ်စီး ဘရိတ်ရှူးငြိကာ အပူလွန်ကဲရာမှ အမဲဆီများ အရည်ပျော်၍ မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၇ ရက် ည ၁၁ နာရီ ၄၅ မိနစ်က ဘားအံမြို့နယ် ကရင်ကျေးရွာအုပ်စု ဝဲကရင်ကျေးရွာ ဘုန်းကြီးကျောင်းအနီး ဘားအံ-မြဝတီကားလမ်း မိုင်တိုင်အမှတ် ၂၄ နှင့် ၂၅ ကြားတွင် ယာဉ်မောင်း မြင့်ရွှေ (၄၇ နှစ်) မြို့ဦးကျောင်းလမ်း (၁) ရပ်ကွက် ရေတာရှည်မြို့ ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်လာပြီး ယာဉ်နောက်လိုက် သော်ကိုကို (၂၃ နှစ်) ကုန်းပင်ကျေးရွာ ကြို့ပင်ကောက်မြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူ လိုက်ပါလာသော ယာဉ်အမှတ် YGN 2Q/.....(၂၂) ဘီးယာဉ်မှာ မြဝတီမြို့မှ ကျောက်ပြား ၂၇ တန်ကို မန္တလေးသို့ ပို့ဆောင်ရန် မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်တွင် နောက်တွဲယာဉ်မှ ဘရိတ်ရှူးငြိကာ အပူလွန်ကဲပြီး အမဲဆီများ အရည်ပျော်ခဲ့ရာမှ မီးလောင်ခဲ့ကြောင်း မီးလောင်မှုကြောင့် နောက်တွဲယာဉ်တွင် တာယာ ၁၂ လုံး မီးလောင်ခဲ့ပြီး ယာဉ်၏ခေါင်းတွဲကို မီးကူးစက်မှု မရှိခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း မြင့်ရွှေကို အိန္ဒြနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**

# အင်းစိန်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၉၆၀၀ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့မှ နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီခန့်တွင် သတင်းအရ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ချမ်းမြရွှေပြည်အိမ်ရာရှိ စိုင်းကျော်လှနှင့် ဒေါ်နန်းမိုဟွမ် (စိစစ်ဆဲ) တို့ ပိုင်ဆိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်နန်းမိုဟွမ်က ဦးမြအေး (စိစစ်ဆဲ) ထံမှ အင်းစိန်မြို့နယ် မြို့သစ် (ဂ) ရပ်ကွက် ကံ့ကော်လမ်း အမှတ်(၁၂၀-က) နေအိမ်ခြံဝင်းအား ငွေကျပ်သိန်း ၆၅၀ ဖြင့် ဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ် တစ်ခုနှင့် အခြားအရောင်းအဝယ်စာချုပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

၎င်းဝယ်ထားသည့် အင်းစိန်မြို့နယ် မြို့သစ် (ဂ) ရပ်ကွက်ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်း၌ မည်သူမျှမတွေ့ရှိဘဲ ဂိုဒေါင်အတွင်း၌ ရပ်တန့်ထားသည့် 7I/------ Toyota Vigo ယာဉ်၏နောက်ခန်းကြမ်းခင်းအံဝှက်အတွင်းမှ ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၉၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် သိန်း ၃၈၇၄၀) ကို သိမ်းဆည်းရမိခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်းက မူးယစ် (ပ)၁၅၈/၂၀၁၈၊ မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ဒက္ခိဏသီရိမြို့နယ်တွင် အရက်အတူသောက်ပြီး စကားများရာမှ လူသတ်မှုဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တစ်ရွာတည်းနေသူ အချင်းချင်း အရက်အတူသောက်ရာမှ စကားများပြီး ဓားထိုးမှုဖြစ်ကာ လူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ဒိုးနွယ်အုပ်စု ရွာသစ်ကျေးရွာ ရွာလယ်လမ်းမတွင် စိုးမင်းဌေး (၂၄ နှစ်) နှင့် တစ်ရွာတည်းနေ ဖိုးဇော် (၃၁ နှစ်) တို့ အရက်အတူသောက်ပြီး စကားများရန်ဖြစ်ပြီး ဖိုးဇော်က ဓားဖြင့်ထိုးခဲ့သဖြင့် စိုးမင်းဌေးသည် ၎င်း၏နေအိမ် မီးဖိုခန်းအတွင်း ထမင်းစားသည့်နေရာအနီးရှိ အိပ်ရာဘေးတွင် လဲကျခဲ့ကြောင်း၊ ၎င်းအား လယ်ဝေး ခုတင် ၁၀၀ ဆေးရုံမှတစ်ဆင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ တင်ပို့ကုသရာ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိုးမင်းဌေးကို ဓားဖြင့်ထိုးသူ ဖိုးဇော် (၃၁ နှစ်)ကို ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းသဖြင့် ဒက္ခိဏသီရိမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# မန္တလေး၌ ဝါဂွမ်းကြိတ်ရာမှ မီးလောင်မှုဖြစ်

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၈ လမ်းနှင့် ၅၉ လမ်းကြား ပိတောက်လမ်းနှင့် မနော်ဟရီလမ်းကြား ကံသာယာရပ်ကွက် တွင် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ဒေါ်လီလီ၏နေအိမ်တွင် မွေ့ရာနှင့် ဂွမ်းကပ်ပြုလုပ်ရန် ဝါဂွမ်းများကြိတ်ရာမှ မီးပွားထွက်ကာ ဝါဂွမ်း၊ မွေ့ရာများနှင့် နေအိမ်မီးလောင်ခဲ့ပြီး အနီးရှိ နေအိမ်ပါ မီးကူးစက်ခဲ့သည်။ မီးလောင်ရာသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး၊ ဦးစီးသန္တေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# မော်လူးတွင် ကျောင်းသားနှစ်ဦး ထွက်ပြေးပျောက်ဆုံးခဲ့သဖြင့် အမှုဖွင့်တိုင်ကြား၍ ရှာဖွေလျက်ရှိ

**မော်လူး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ဒသမတန်း ကျောင်းသားနှစ်ဦး ကျောင်းပိတ်ရက်တွင် နေအိမ်သို့ပြန်မလာဘဲ ထွက်ပြေးပျောက်ဆုံးခဲ့သဖြင့် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြား၍ ရှာဖွေလျက်ရှိကြောင်း သိရသည်။

"ဒီကျောင်းသားနှစ်ဦးက နိုဝင်ဘာ ၃ ရက် စနေနေ့ ကျောင်းပိတ်ရက်နေ့ကတည်းက နေအိမ်ကနေ ထွက်ပြေးခဲ့တာပါ။ အပြင်မှာလည်း အမျိုးမျိုးရှာဖွေခဲ့ပေမယ့် မတွေ့ခဲ့တာကြောင့် နိုဝင်ဘာ ၁၁ ရက်မှာ သူတို့မိဘတွေနဲ့အတူ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားခဲ့ပါတယ်" ဟု မော်လူးအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီခိုင်က ပြောသည်။

အဆိုပါ ပျောက်ဆုံးနေသော ကျောင်းသားနှစ်ဦးမှာ မောင်သန်းမြင့်ဦး (၁၉ နှစ်) ဟဲနုကျေးရွာ မော်လူးအုပ်စု အင်းတော်မြို့နယ်နေသူနှင့် မောင်ဆန်းကိုထူး (၁၆ နှစ်) ကရင်ကျေးရွာ မော်လူးအုပ်စု အင်းတော်မြို့နယ်နေထိုင်ကြသူများဖြစ်ပြီး မော်လူးမြို့ အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ယူနေကြသူများဖြစ်ကြောင်း၊ နိုဝင်ဘာ ၃ ရက် ကျောင်းပိတ်ရက်တွင် နတ်ယုံရွာ ကထိန်အလှူပွဲသို့ သွားရောက်ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ထွက်ပြေးပျောက်ဆုံးခဲ့ကြောင်း၊ မိဘများ၊ ပညာရေးဌာနနှင့် တာဝန်ရှိသူများက ရှာဖွေခဲ့သော်လည်း မတွေ့ရှိခဲ့သဖြင့် မော်လူးနယ်မြေရဲစခန်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီခိုင်နှင့် ၎င်းတို့၏မိဘများက အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပျောက်ဆုံးနေသော ကျောင်းသားနှစ်ဦး ပြန်လည်တွေ့ရှိနိုင်ရေး၊ မိဘနှင့် တာဝန်ရှိသူများထံ ပြန်လည်ဆက်သွယ် အကြောင်းကြားနိုင်ရေးအတွက် ဖုန်းနံပါတ် ၀၇၅-၆၅၀၀၃ နှင့် ၀၉-၄၀၃၇၃၇၈၀၅ တို့သို့ ဆယ်သွယ်နိုင်ကြောင်း သိရသည်။

**နီတိုး**

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၁၁-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၇း၃၅ | - | MRTV Travelogue |
| ၈း၃၅ | - | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၅ | - | BBC Click |
| ၉း၂၅ | - | ၂၀၁၈ ခုနှစ် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ အကြိုလေ့ကျင့်မှုများ (ပီတန်းနှင့် ပြေးခုန်ပစ်) |
| ၉း၄၀ | - | ရတနာ့အလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Egypt Pyramids" (Egypt) |
| ၁၀း၃၀ | - | စိုက်ပျိုးရေးရာအဖြေရှာ "ရမည်းသင်းဒေသမှ စပျစ်စိုက်ပျိုးရေး" |
| ၁၁း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၃၀ | - | ပြည်သူ့နီတိ "မွေခံထိုက်စေ" |

**ညနေပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း) |
| ၁၆း၄၅ | - | This Week's Special Interest |
| ၁၇း၃၅ | - | Yes or No Talk Show |
| ၁၈း၂၀ | - | Football Magazine |
| ၁၈း၃၅ | - | ဥပဒေရေးရာအဖြာဖြာ |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | "မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအကြောင်း သိကောင်းစရာ စကားဝိုင်း" (အပိုင်း- ၁) |

# အထောက်အထားမဲ့ ကျောက်စိမ်းဖြတ်စ၊ သစ်ခွဲသားနှင့် စီးကရက်ဖာများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅ ဒသမ ၈၀၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၂၁၉ သန်း၊ စုစုပေါင်း တားဆီးမှု ၁၁ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၂ ဒသမ ၀၂၄ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။



ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအပိုင်းအစ ဖြတ်စဆိုက်စုံ ၁၀၉ ကီလိုဂရမ်ကို လည်းကောင်း၊ Mitsubishi Express ယာဉ်တစ်စီးပေါ်တွင် ခရီးသည်ပစ္စည်း တင်ဆောင်ရာနေရာ၌ အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် ကျွန်းခွဲသား ၀ ဒသမ ၁၇၁၆ တန်၊ ပိတောက် ခွဲရွေခွဲသား ၀ ဒသမ ၉၀၁၆ တန်၊ နိုင်ငံခြားစီးကရက် (၁၀ ဘူးဝင် ၅၀ တောင့်ပါ) ကိုးဖာ၊ (၁၀ ဘူးဝင် ၄၀ တောင့်ပါ) တစ်ဖာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃ ဒသမ ၃၇၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာတွင် မူးယစ်ဆေးဝါးရောင်းချသူအား ဖမ်းဆီးရမိ

**မိတ္ထီလာ နိုဝင်ဘာ ၁၈**

မိတ္ထီလာမြို့အတွင်း မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးရေးနှင့် လောင်းကစားမှုပပျောက်ရေးအတွက် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်း ဦးဆောင်၍ နယ်မြေစခန်းများမှ စခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လုံခြုံရေး၊ မှုခင်းကျဆင်းရေးအတွက် နေ့ကင်း၊ ညကင်း၊ ဝပ်ကင်းများချ၍ ဆောင်ရွက်ခဲ့ရာ လောင်းကစားမှုနှင့် မူးယစ်ဆေးမှုများ ဖမ်းဆီးရမိခဲ့သည်။

**ရှာဖွေတွေ့ရှိ**

မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲအုပ် ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂) ရဲစခန်းမှအပိုင် နယ်ထိန်းတပ်ကြပ်ကြီး မြင့်လွင်ဦးနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၁ ရက်က သတင်းအရ မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ (၆) နေ မချိုချိုဝင်း (၄၅ နှစ်) အိမ်သို့ ရှောင်တခင် ဝင်ရောက်ရှာဖွေခဲ့ရာ မချိုချိုဝင်း၏ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၉ ပြား အလေးချိန် ၅၈ ဒသမ ၉ ဂရမ်နှင့်အတူ ငွေစက္ကူရောရာ ၄၅၁၀၀ ကျပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းနောက် မချိုချိုဝင်းကို ဆက်လက်စစ်ဆေးရာ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်ဆန်မြို့ အမှတ် (၃) ရပ်ကွက်နေ ကိုအောင်စိန်ထံမှ ဝယ်ယူခဲ့ကြောင်း သိရပြီး မိတ္ထီလာအမှတ် (၂)ရဲစခန်းက မချိုချိုဝင်းကို အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံ အောင်စိန်ကို ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# လူပေါင်း ၁၀၀၀ ကျော် ပျောက်ဆုံးနေသည့် ကယ်လီဖိုးနီးယားမီးလောင်ပြင်သို့ သမ္မတထရမ့် သွားရောက်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကယ်လီဖိုးနီးယားပြည်နယ်ရှိ တောမီးလောင် ပျက်စီးသွားခဲ့သောနေရာများသို့ စနေနေ့ကသွားရောက်ခဲ့ပြီး ဝမ်းနည်းကြောင်းပြသခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုဟု ခေါ်ဝေါ်ရမည့် တောမီးကြောင့် လူပေါင်း ၁၀၀၀ ခန့်မှာ ပျောက်ဆုံးစာရင်း ဝင်နေဆဲဖြစ်သည်။

နေရာနှစ်ခုမှ တောမီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့် ပြည်နယ်အတွင်း မီးခိုးငွေ့များဖြင့် ဖုံးလွှမ်းလျက်ရှိပြီး အမေရိကန်သမ္မတထရမ့် ကယ်လီဖိုးနီးယား မြောက်ပိုင်းမြို့တော် ဆက်ခရာမန်တိုသို့ရောက်ရှိစဉ် မီးခိုးငွေ့များ နေရောင်ကို ဖုံးလွှမ်းလျက်ရှိသည်။ သမ္မတထရမ့်သည် ပါရာဒိုက်စ်မြို့ရှိ အပျက်အစီးများကို သွားရောက်ကြည့်ရှုပြီးနောက် အလွန်ဝမ်းနည်းစရာကောင်းလှသည်ဟု ပြောသည်။

မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးသွားသောကားများ၊ လမ်းများ၊ နေအိမ်များကို ကြည့်ရှုခဲ့သည်။ ကယ်လီဖိုးနီးယားသမိုင်းတွင် အဆိုးရွားဆုံးဟု သတ်မှတ်ရမည့် တောမီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၇၁ ဦး အသက်ဆုံးရှုံးခဲ့ရပြီး မီးလောင်ပြင် ပမာဏမှာ ချီကာဂိုမြို့ အရွယ်အစားလောက်ရှိပြီး နေအိမ်ပေါင်း ၁၀၀၀၀ ခန့်နှင့် အဆောက်အအုံပေါင်း ၂၆၀၀ တို့ကို ဝါးမျိုဖျက်ဆီးခဲ့ပြီးဖြစ်သည်။

သမ္မတ ထရမ့်သည် ယခုခရီးစဉ်ကို အိမ်ဖြူတော် ဝန်ထမ်းအကြီးအကဲ ဂျွန်ကယ်လီနှင့် ၎င်း၏သမက်ဖြစ်သူ ဂျဲကတ်ရှ်နားတို့နှင့် အတူလာခဲ့ခြင်းဖြစ်သည်။အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းနှင့် တွေ့ဆုံခဲ့သည်။ သမ္မတထရမ့် လာရာလမ်းတစ်လျှောက်တွင် သမ္မတထရမ့်ကို ကျေးဇူးတင်ကြောင်း အများစုက ပြောကြားခဲ့ကြသည်။ ပါရာဒိုက်စ်မြို့အနီး ချီကိုတွင် သမ္မတထရမ့်က မီးသတ်သမားများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ခရီးစဉ်အတွင်း သမ္မတထရမ့်ကမူ ကယ်လီဖိုးနီးယားပြည်နယ်၏ သစ်တောစီမံခန့်ခွဲမှု၏ ပုံစံမကျမှုများယွင်းမှုကို ဝေဖန်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



တောမီးလောင်မှုကြောင့် အပျက်အစီးများကို ကြည့်ရှုနေသော သမ္မတထရမ့်ကို တွေ့ရစဉ်။

# ပြင်သစ်တွင် လောင်စာဆီဈေးနှုန်းကြောင့် ဆန္ဒပြမှုများဖြစ်ပွားပြီး တစ်ဦးသေဆုံး

**ပါရီ နိုဝင်ဘာ ၁၈**

ပြင်သစ်နိုင်ငံတွင် ရေနံဈေးမြင့်တက်လာမှုကို ဆန့်ကျင်သောအားဖြင့် လူထောင်ပေါင်းများစွာတို့ လမ်းများပိတ်၍ ဆန္ဒပြခဲ့ကြပြီး လူပေါင်း ၂၂၀ ဒဏ်ရာရရှိကာ တစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ဆန္ဒပြပွဲများတွင် လူပေါင်း ၂၈၃၀၀၀ ခန့်ပါဝင်သည်ဟု ခန့်မှန်းထားခဲ့ပြီး စနေနေ့က တိုင်းပြည်၏ အဓိက လမ်းမကြီးများတွင် ပိတ်ဆို့ဆန္ဒပြခဲ့ကြသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ လူပေါင်း ၂၂၇ ဦး ဒဏ်ရာရရှိခဲ့ပြီး ခုနစ်ဦးမှာ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိခဲ့သည်။ လူပေါင်း ၁၁၇ ဦးကို ထိန်းသိမ်းခဲ့ပြီး ၇၃ ဦးမှာ အချုပ်ကျခံခဲ့ရသည်ဟု သိရသည်။

လမ်းပိတ်ဆို့မှုအများစုမှာ မတော်တဆမှုများမရှိဘဲ လုပ်ဆောင်ခဲ့ကြသော်လည်း ဆဗွိုက်အရှေ့ပိုင်းဒေသတွင် မိခင်တစ်ဦးမှာ သမီးဖြစ်သူကို ဆရာဝန်ထံပြရန် ဆန္ဒပြသူများ ပိတ်ဆို့ထားသည့်နေရာသို့ တစ်ရှိန်ထိုး ကားမောင်းလာခဲ့သည့်အတွက် အသက် ၆၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကားမောင်းသမားကို ရဲများက မေးမြန်းရန်ခေါ်ဆောင်သွားခဲ့သည်။ ပါရီမြို့တွင်လည်း လူရာပေါင်းများစွာတို့သည် သမ္မတ မက်ခရွန် နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့နောက် သမ္မတနန်းတော်အထိရောက်အောင် ချီတက်ရန် ကြိုးပမ်းခဲ့ကြသည်။ အဓိကရုဏ်းနှိမ်နင်းရေး ရဲများသည် ၎င်းတို့၏ လမ်းကြောင်းကို ပိတ်ဆို့ရန် ကြိုးပမ်းခဲ့ကြသော်လည်း အချို့ဆန္ဒပြသူများသည် ဘေးလမ်းများကို အသုံးပြုကာ သမ္မတ နန်းတော်နားအထိရောက်အောင် ချီတက်ခဲ့ကြသည်။ ရဲများက မျက်ရည်ယိုဗုံးများအသုံးပြုကာ ဖြိုခွင်းခဲ့ရသည်။ တချို့သောဆန္ဒပြသူများက စခန်းများဖွင့်ကာ ညလုံးပေါက်နေ၍ တနင်္ဂနွေနေ့အထိ ဆန္ဒပြကြရန် ရည်ရွယ်ထားကြသည်။

လွန်ခဲ့သောလကတည်းက ဆိုရှယ်မီဒီယာများတွင် မြင်သာသော ဂျာကင်ဆင်တူအင်္ကျီများကို ဝတ်ဆင်ထားရင်း လမ်းများ၊ အဝေးပြေးလမ်းမများကို ပိတ်ဆို့ကာ ဆန္ဒပြကြရန် စုစည်းခဲ့ကြသည်။ လောင်စာအခွန်ငွေ တိုးလာသည်ကို နှစ်ပေါင်းများစွာ ခံစားရကြောင်း၊ လောင်စာဈေးနှုန်းမှာ ၂၀၀၀ ပြည့်နှစ်များတွင် မကြုံဖူးလောက်သည့် ဈေးနှုန်းသို့ မြင့်တက်ခဲ့ကြောင်း ဆန္ဒပြသူများက ပြောသည်။ **အေအက်ဖ်ပီ**



ဆန္ဒပြသူတစ်ဦးက ရဲများအား ရန်မူနေသည်ကိုတွေ့ရစဉ်။

# လစ်ဗျားနိုင်ငံ၏တည်ငြိမ်မှုကို ထိပါးစေသည့် လူများကို လုံခြုံရေးကောင်စီမှ ပိတ်ဆို့ပြစ်ဒဏ်ချ

**ထရီပိုလီ နိုဝင်ဘာ ၁၈**

လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂထောက်ပံ့ရေးအဖွဲ့သည် လစ်ဗျားနိုင်ငံ၏တည်ငြိမ်ရေးကို ထိပါးနေသည့် လူများအပေါ် လုံခြုံရေးကောင်စီက ပိတ်ဆို့ပြစ်ဒဏ်ချမှတ်မည်ဟူသော အချက်ကို ဝမ်းပန်းတသာကြိုဆိုကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်ရန် ငြင်းဆန်ပြီး လစ်ဗျားနိုင်ငံ၏ တည်ငြိမ်မှုကို အနှောင့်အယှက်ဖြစ်နေသော လူများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ပိတ်ဆို့ပြစ်ဒဏ်များ ချမှတ်မည်ဟူသော ကတိပြုချက်ကို လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂထောက်ပံ့ရေးအဖွဲ့က ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် လစ်ဗျားနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် အနှောင့်အယှက်ဖြစ်နေသော လစ်ဗျားစစ်သွေးကြွခေါင်းဆောင် ဆာလာရှ်ဘတ်ဒီကို ပိတ်ဆို့မှုများပြုလုပ်မည်ဟူသော လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်ရန် ပြင်ဆင်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ စစ်သွေးကြွခေါင်းဆောင် ဆာလာရှ်၏ ခရီးသွားလာခွင့်နှင့် ပိုင်ဆိုင်မှုများကို ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆာလာရှ်၏ စစ်သွေးကြွအဖွဲ့သည် ၂၀၁၄ ခုနှစ် ထရီပိုလီမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများတွင် အဓိကပါဝင်ခဲ့သည့်အဖွဲ့ဖြစ်ပြီး လူပေါင်းများစွာ သေဆုံးဒဏ်ရာရရှိစေခဲ့သည်။ ထို့အပြင် ယခုလက်ရှိအခြေအနေတွင် တိုင်းပြည်နှစ်ခြမ်းကွဲသွားစေနိုင်သည့် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသည်။

**ဆင်ဟွာ**

# အေပက်ခေါင်းဆောင်များ ဆွေးနွေးပွဲ၏အဓိကအပိုင်းကို စတင်ဆွေးနွေး

**ပို့မော့စဘီ နိုဝင်ဘာ ၁၈**

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၌ ပစိဖိတ်ဒေသမှ နိုင်ငံပေါင်း ၂၁ နိုင်ငံ ပါဝင်သည့် စီးပွားရေးအစည်းအဝေးပွဲကို ပါပူဝါနယူးဂီနီတွင် ကျင်းပလျက် ရှိပြီး ဆွေးနွေးပွဲ၏ အဓိကအပိုင်းကို စတင်နေပြီဖြစ်သည်။

တနင်္ဂနွေနေ့တွင် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြပြီး တောင်အာရှပစိဖိတ် နိုင်ငံများ၏ နှစ်ရက်ကြာထိပ်သီးအစည်းအဝေး၏ နောက်ဆုံးနေ့ အပိတ်ဆွေးနွေးပွဲအဖြစ် ကျင်းပနေခြင်းလည်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ကြား ကုန်သွယ်ရေးအကြောင်းကိုလည်း ပြောဆိုခဲ့ကြပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အပြန်အလှန်လက်တုံ့ပြန်နေကြသည့် ကန့်သတ်မှုများကို ကမ္ဘာတစ်ဝန်းက ခံစားနေရကြောင်း ပြောဆိုခဲ့သည်။

ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ စည်းမျဉ်းများအတိုင်း အခြေခံ၍ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ဂျပန်နိုင်ငံသည် လွတ်လပ်ပြီးမျှတသော ကုန်သွယ်မှုကို အကောင်အထည်ဖော်ရန် ကတိပြုထားကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အပြည်ပြည်ဆိုင်ရာ၏ စံနှုန်းများနှင့်ကိုက်ညီစေရန် အခြေခံအဆောက်အအုံများကိုလည်း အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း အာဘေးက ကတိပြုပြောကြားခဲ့သည်။

ပွင့်လင်းမှုရှိပြီး ဘဏ္ဍာရေးအရ ခိုင်မာမှုရှိမည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံအဆောက်အအုံ စီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုလက်ခံမည့်အတွက်ပါ အကျိုးများစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးကို တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အရှေ့တောင်အာရှ စမတ်စီးတီးကွန်ရက်တွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ ပါဝင်မည်

**စင်ကာပူ နိုဝင်ဘာ ၁၈**
စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သည့် (၃၃) ကြိမ်မြောက် အာဆီယံအစည်းအဝေး၏ အမေရိကန်- အာဆီယံထိပ်သီးအစည်းအဝေးတွင် အမေရိကန်-အာဆီယံ စမတ်စီးတီး မိတ်ဖက်ဆောင်ရွက်ချက် အသစ်ကို ကြေညာခဲ့ကြောင်း သိရသည်။

အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် စင်ကာပူနိုင်ငံက ၂၀၁၈ ဧပြီလအတွင်း အရှေ့တောင်အာရှ၌ စမတ်စီးတီးမြို့ပေါင်း ၂၆ မြို့ ပါဝင်နိုင်မည့် ကွန်ရက်ဖန်တီးရေး အဆိုပြုခဲ့ကြောင်း သိရသည်။

အမေရိကန်-အာဆီယံ စမတ်စီးတီး မိတ်ဖက်ဆောင်ရွက်ချက် အသစ်အရ အရှေ့တောင်အာရှ၌ ဒစ်ဂျစ်တယ်အခြေခံယန္တရားအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေးအတွက် အမေရိကန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်-အာဆီယံ စမတ်စီးတီး မိတ်ဖက်လုပ်ဆောင်ချက်များတွင် အမေရိကန်ကုမ္ပဏီများက မြို့ပြဒစ်ဂျစ်တယ်အခြေခံယန္တရားအဆောက်အအုံ ဖွံ့ဖြိုးမှု၌ အင်တာနက်အသုံးပြု ငွေပေးချေမှုစနစ်မှစကာ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး စနစ်များတွင် ဒစ်ဂျစ်တယ်စနစ် အသုံးပြုနိုင်ရေး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှ စမတ်စီးတီး ကွန်ရက်တွင် မြန်မာနိုင်ငံမှ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရပြီး အရှေ့တောင်အာရှမြို့များတွင် ဗန်ကောက်၊ ဂျကာတာ၊ ဟန်ွိုင်း၊ ဟိုချီမင်း၊ ကွာလာလမ်ပူ၊ ဖနောင်ပင်၊ မနီလာ၊ ဗီယန်ကျင်းစသည့် မြို့များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရသော အီရန်တပ်ဖွဲ့ဝင် ငါးဦး ပြန်လည်လွတ်မြောက်

**တီဟီရန် နိုဝင်ဘာ ၁၈**
အီရန်နိုင်ငံပိုင် ရုပ်သံဌာန၏ ဖော်ပြချက်အရ အောက်တိုဘာလပိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်း တစ်ခု၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် အီရန်နိုင်ငံ စစ်ဘက်ဆိုင်ရာ အဖွဲ့ဝင်များအနက် ငါးဦးမှာ ပါကစ္စတန်နိုင်ငံတွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

လွတ်မြောက်ခဲ့သူငါးဦးသည် လက်ရှိအချိန်တွင် ပါကစ္စတန်၌ ရှိနေပြီး မကြာမီ အီရန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အီရန်အစိုးရအဖွဲ့က ကျန်ရှိသူများအား ကယ်ဆယ်နိုင်ရေး ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ အစ္စလာမ္မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့တပ်မှူး ဂျာဖာရီက ပြောခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလလယ်ခန့်တွင် အီရန်နိုင်ငံ စစ်ဘက်ဆိုင်ရာ အဖွဲ့ဝင် ၁၄ဦးမှာ အီရန်နိုင်ငံနှင့် ပါကစ္စတန်နယ်စပ်တွင် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ ဖမ်းဆီးခြင်းကို ခံခဲ့ရကြောင်းသိရသည်။ **ဆင်ဟွာ**

# လေးကြိမ်မြောက်စစ်ပွဲဖြစ်ပေါ်လာနိုင်တဲ့ ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနဲ့ ဟားမားစ်တို့ကြား အမုန်းတရားများ

**ထွန်းသစ်စ**



အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် တောင်ပိုင်း ဂါဇာကမ်းမြောင်ဒေသ ခန်ယွန်နစ်၌ ပျက်စီးသွားသောယာဉ်အနီးတွင် ဝိုင်းအုံနေသော ပါလက်စတိုင်းများကို နိုဝင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

ဂါဇာကမ်းမြောင်ဒေသမှာ အစ္စရေးအထူးတပ်ဖွဲ့ရဲ့ စစ်ဆင်ရေးအတွင်း လူရှစ်ဦးသေဆုံးခဲ့ခြင်းက ဆူပူအုံကြွနေတဲ့ဒေသမှာ ပြန်လည်ငြိမ်းချမ်းရေး ရရှိအောင်ကြိုးစား ဆောင်ရွက်နေတဲ့ အပေါ် လမ်းကြောင်းလွဲမှားပြီလားဆိုတာ စိုးတထိတ်ထိတ်ဖြစ်နေရပါတယ်။

**တိုက်ခိုက်မှုတွေဖြစ်**

အစ္စရေးအထူးတပ်ဖွဲ့ဝင်တွေနဲ့ ဟားမားစ်တို့နဲ့ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အခုလိုဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ အဲဒီအရေး စိတ်မအေးရဘဲ ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုလည်းပဲ ပါရီကိုသွားမယ့် ခရီးစဉ်ကိုဖျက်သိမ်းပြီး အိမ်ပြန်လာခဲ့ရပါတယ်။

နှစ်ဖက်အဖွဲ့တွေ ထိပ်တိုက်တွေ့ဆုံပြီးနောက် လွန်ခဲ့တဲ့ တနင်္လာနေ့က အစ္စရေးတောင်ပိုင်းမှာ အချက်ပေးသံတွေ ထွက်ပေါ်ခဲ့ပါတယ်။ ဒါကတော့ ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည် ပစ်ခတ်လိုက်တဲ့အသံတွေပဲဖြစ်ပါတယ်။ ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးပိုင်နက်ထဲကို ဒုံးကျည် ၁၇ ကြိမ်ထက်မနည်း ပစ်ခတ်ခဲ့တယ် လို့ အစ္စရေးတို့က ဆိုပါတယ်။ ၁၇ ကြိမ်လောက်မှာ သုံးကြိမ်လောက်ကို ဒုံးခွင်းဒုံးနဲ့ ကာကွယ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိခဲ့ဘူးလို့လည်း သူတို့က ပြောပါတယ်။

**ခြိမ်းခြောက်လိုက်သလိုဖြစ်**

ဂါဇာ- အစ္စရေးနယ်စပ်မှာ ဆူပူအုံကြွမှုတွေ အဆုံးသတ်အောင်ကြိုးစားဆောင်ရွက်နေမှုအပေါ် အခုလို ဖြစ်ပွားမှုက ခြိမ်းခြောက်လိုက်သလို ဖြစ်နေပါတယ်။ အစ္စရေးကတော့ စုံစမ်းထောက်လှမ်း ပူးပေါင်းဆောင်ရွက်မှု တစ်ခုအနေဖြင့် တိတ်တဆိတ် စစ်ဆင်ရေး ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး ကျူးကျော်ရန် လုပ်ကြံလိုခြင်းမရှိဟု ဆိုခဲ့ပါတယ်။

အစ္စရေးက ထိုသို့ပြောနေသော်လည်း ထုတ်ပြန်ဖော်ပြချက်မှာကတော့ စစ်ဆင်ရေးဟာ အစီအစဉ်အတိုင်း လုပ်ဆောင်ခဲ့တာ မဟုတ်ခဲ့ဘူးလို့ ဖော်ပြထားပါတယ်။ နောက်ကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုပါက အစ္စရေးတို့ရဲ့ ယခုလို မြေပြင်စစ်ဆင်ရေးမှာ ဂါဇာကမ်းမြောင်က စစ်သွေးကြွတွေကို သတ်ဖြတ်ခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်းတို့ကို သိပ်မတွေ့ရပေ။

**သူရဲဘောကြောင်တဲ့ လုပ်ရပ်**

စစ်သွေးကြွအဖြစ် တင်စားထားတဲ့ ဟားမားစ်တို့ကတော့ ဒီလုပ်ရပ်ဟာ အစ္စရေးတို့ရဲ့ သူရဲဘောကြောင်တဲ့ ခိုးကြောင်ခိုးဝှက် လုပ်ရပ်လို့ဆိုပြီး ပြန်လည် လက်တုံ့ပြန်သွားမယ်လို့လည်း ပြောခဲ့ပါတယ်။ အစ္စရေးအထူးတပ်ဖွဲ့တွေဟာ တောင်ပိုင်း ဂါဇာကမ်းမြောင်ဒေသ ခန်ယူနစ်သို့ အရပ်သားကားနဲ့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း ဟားမားစ်အပေါင်းအပါတို့က ဆိုပါတယ်။

အဲဒီအချိန်မှာ ဟားမားစ် အပေါင်းအပါတို့က အဲဒီကားကို ရှာဖွေမှုများ စတင်ရာမှာ နှစ်ဖက်ထိပ်တိုက်ထိတွေ့မှုတွေ ဖြစ်ပွားခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဟားမားစ်တို့က ဖော်ပြခဲ့ပါတယ်။

အပြန်အလှန် တိုက်ခိုက်မှုတွေ ပြုလုပ်ရာမှာ ဟားမားစ်အပေါင်းအပါအဖွဲ့မှ တိုင်းမှူးအဆင့်ရှိ နော်ဘာရက်ကာနဲ့ အခြားစစ်သွေးကြွတစ်ဦး ကျဆုံးခဲ့ပါတယ်။ အဲဒီအချိန်မှာ အဆိုပါကားက မောင်းနှင်ထွက်ပြေးခဲ့ပြီး အစ္စရေးလေယာဉ်က လေကြောင်းပစ်ကူခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ဆက်လက်ဖော်ပြထားပါတယ်။ နောက်ဆုံးမှာ အစ္စရေး ရဟတ်ယာဉ်ကနယ်စပ်မှာ သူတို့ကို တင်ဆောင်ခဲ့တယ်လို့လည်း သူတို့က ဆိုပါတယ်။

> “ဒီလိုဖြစ်စဉ်တွေကြောင့် နေတန်ယာဟုလည်း ပါရီမှာ ကျင်းပတဲ့ ပထမကမ္ဘာစစ်အထိမ်းအမှတ်ပွဲတက်ပြီး ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နဲ့ တွေ့ဖို့အရေး မတွေ့နိုင်တော့ဘဲ မိမိနိုင်ငံကို တစ်ချိုးတည်းပြန်လာခဲ့ပြီး လုံခြုံရေးဆိုင်ရာ ထိပ်တန်းခေါင်းဆောင်တွေနဲ့ အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရ”

ဂါဇာကျန်းမာရေးဝန်ကြီးကတော့ ပါလက်စတိုင်း ခုနစ်ဦးသေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ သို့သော်လည်း ဂါဇာလုံခြုံရေး အရင်းအမြစ်များက သေဆုံးသူတွေ အနက် ခြောက်ဦးမှာ ဟားမားစ်အပေါင်းအပါဖြစ်တဲ့ အယ်ကွက်ဆမ်အဖွဲ့မှ ဖြစ်ပြီး ကျန်တစ်ဦးမှာ စစ်သွေးကြွမဟာမိတ်ဖြစ်တဲ့ ပြန်လည်ခုခံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

**အရေးပေါ်အိမ်ပြန်လာ**

ဖြစ်စဉ်တွေကြောင့် နေတန်ယာဟုလည်း ပါရီမှာကျင်းပတဲ့ ပထမကမ္ဘာစစ်အထိမ်းအမှတ်ပွဲတက်ပြီး ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နဲ့တွေ့ဖို့အရေး မတွေ့နိုင်တော့ဘဲ မိမိနိုင်ငံကို တစ်ချိုးတည်းပြန်လာခဲ့ပြီး လုံခြုံရေးဆိုင်ရာ ထိပ်တန်းခေါင်းဆောင်တွေနဲ့ အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရပါတယ်။

တနင်္လာနေ့က ကျင်းပခဲ့တဲ့ ပါလက်စတိုင်း ခုနစ်ဦးရဲ့ ဈာပနကိုတော့ လူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ပြီး သူတို့ထဲမှာ လက်နက်ကိုင်စွဲပြီး မျက်နှာဖုံးစွပ်ထားတဲ့ အယ်ကွက်ဆမ်အဖွဲ့မှ တပ်ဖွဲ့ဝင်တွေလည်း ပါဝင်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီကိစ္စကို မျက်မြင်တွေ့ခဲ့သူတစ်ဦးကတော့ ဒါဟာ မနှစ်မြို့ဖွယ်ကောင်းတဲ့ ကိစ္စလို့ဆိုပါတယ်။ ဂါဇာ- အစ္စရေးနယ်စပ် ငြိမ်းချမ်းရေးဟာ ရတော့မလိုလိုနဲ့ မျှော်တိုင်းဝေးဖြစ်နေတဲ့အခြေအနေကို ပြန်ရောက်သွားပြီလားဆိုတဲ့ အပေါ် အချို့ကလည်း စိုးရိမ်လျက်ရှိကြပါတယ်။

**မလိုအပ်ဘဲ စစ်မဖြစ်ချင်**

အခုကိစ္စမဖြစ်ခင် အစောပိုင်း ရက်သတ္တပတ်များမှာ အစ္စရေးဟာ ကာတာကို ဂါဇာကမ်းမြောင်ဒေသမှာ ဒေါ်လာသန်းချီလစာအကူအညီများပေးရေးနဲ့ လျှပ်စစ်ချို့တဲ့မှုကို အကူအညီပေးရေး ခွင့်ပြုပေးခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဟိုးယခင်ကတော့ နေတန်ယာဟုဟာ ကာတာကို အခုလိုမျိုးခွင့်ပြုပေးမှုတွေ မရှိခဲ့ပါဘူး။ သူ့အနေနဲ့ မလိုအပ်ဘဲ စစ်ဖြစ်မှာကို ရှောင်ရှားလိုတဲ့အတွက် ပြည်တွင်းမှာ သူ့ကိုဝေဖန်မှုတွေရှိနေတာတောင် ကာတာကို အခုလိုမျိုး အခွင့်အရေးမျိုးပေးခဲ့တာဖြစ်ပါတယ်။

**အခုတော့ ဘယ်လိုဆက်ဖြစ်ဦးမည်မသိ**

အစ္စရေးနဲ့ ပါလက်စတိုင်းတို့ဟာ ဂါဇာကမ်းမြောင်ဒေသမှာ ၂၀၀၈ ခုနှစ်ကတည်းက အပြန်အလှန်တိုက်ခိုက်နေကြတာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းက အစ္စရေးနဲ့ ဟားမားစ်တို့ရဲ့ကြားမှာ စစ်ပွဲတွေ သုံးကြိမ်တောင်ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို စစ်ပွဲတွေဖြစ်ပွားခဲ့တာဟာ ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေတာပါ။ အဲဒီစစ်ပွဲတွေကြောင့် အစ္စရေးတို့ဘက်မှာလည်း ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် မပြောပလောက်တဲ့ ပမာဏလောက်ပဲဖြစ်ပါတယ်။ အခုအခါမှာတော့ လေးကြိမ်မြောက် ဖြစ်ပေါ်လာမယ့် စစ်ပွဲကို စိုးရွံ့နေကြပါတယ်။

**တပ်အပ်မပြောနိုင်သေး**

ဟားမားစ်တို့ ဆန္ဒပြအငြင်းပွားမှုတွေဟာ ငြိမ်းချမ်းရေးအတွက် ဖြစ်တယ်ဆိုတာ ပြောခဲ့ပါတယ်။ အစ္စရေး တပ်ဖွဲ့ဝင်တွေက မေ ၁၄ ရက်က ဆန္ဒပြမှုဖြစ်ပွားတဲ့နေရာတစ်ခုကို ပစ်ခတ်ခဲ့သလို ဆန္ဒပြသူတွေကလည်း မီးလောင်ဗုံးတွေနဲ့ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို အသုံးပြုခဲ့ကြောင်း အစ္စရေးတို့ဘက်က ဆိုပါတယ်။

မတ် ၃၀ ရက်ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုမှာ အစ္စရေး တပ်ဖွဲ့ဝင်တစ်ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အကြမ်းဖက်ဆန္ဒပြမှုတွေဟာ မေ ၁၅ ရက်မှာ ပြီးဆုံးတော့မလို ဖြစ်ပေမယ့်လည်း ဟားမားစ်ခေါင်းဆောင်တွေက ဆန္ဒပြမှုတွေကို အခြားပုံစံတွေနဲ့ ဆက်လက်ပြုလုပ်သွားဦးမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဟားမားစ်တို့ဟာ နောက်ထပ်စစ်ပွဲအသစ်တွေကို ဖန်တီးနေတာမျိုး မဟုတ်ဘဲ အကယ်၍နောက်ထပ်စစ်ပွဲအသွင်မျိုးဆောင်ခဲ့ရင် လက်ရှိ ဒုက္ခခံစားနေရတဲ့သူတွေဟာ ဒီထက်ဆိုးရွားတဲ့ ဆိုးကျိုးတွေကိုသာ ခံစားရမှာဖြစ်တယ်ဆိုတာ သိပါတယ်ဆိုပြီး တချို့ လေ့လာဆန်းစစ်သူများကလည်း ဆိုပါတယ်။

မီးခိုးကြွက်လျှောက်ဆိုတဲ့ ဖြစ်စဉ်လို အခုလိုဖြစ်ရပ်မှ အစပြုကာ တစ်ဖက်နဲ့တစ်ဖက် မကျေလည်မှုတွေ၊ အမုန်းမီးပွားမှုတွေနဲ့သာ ရန်ကိုရန်ခြင်း တုံ့နှေးနေပါက အများသူငါစိုးရိမ်နေသလို လေးကြိမ်မြောက်စစ်ပွဲ ဖြစ်ပေါ်လာမလားဆိုတာ တပ်အပ်မပြောနိုင်သေးပါဘူး။ ။

**ကိုးကား အေအက်ဖ်ပီ**

# ပျော်ဘွယ်မြို့နယ်၌ ကျေးရွာ ၁၂ ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဖွင့်လှစ်

**ပျော်ဘွယ် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာအတွက် ဆောင်ရွက်ပြီးစီးခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က တောင်ညောင်ကုန်းကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဒေါက်တာဇာနည်အောင်၊ တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးက လျှပ်စစ်မီးလင်းရေးစီမံကိန်းနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာအုပ်စု ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ လျှပ်စစ်ဌာနမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး ပညာပေးလက်ကမ်းစာစောင်များကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့သည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ တောင်ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာ မီးလင်းရေးအတွက် တိုင်းဒေသကြီးအစိုးရ၏ရန်ပုံငွေ ကျပ်သန်းပေါင်း ၆၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**တင်ဦး(ရမည်းသင်း)**

# စွန့်ဦးတီထွင်လုပ်ငန်းရှင်များနေ့ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မကွေး နိုဝင်ဘာ ၁၈**

စွန့်ဦးတီထွင်လုပ်ငန်းရှင်များနေ့ ၂၀၁၈ အထိမ်းအမှတ် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် မကွေးတိုင်းဒေသကြီး SME အေဂျင်စီနှင့် SIYB Myanmar တို့ ပူးပေါင်းပြုလုပ်သော SME ကွန်ရက်ချိတ်ဆက် အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်က မကွေးမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာတို့က ဖွင့်လှစ်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က "ကျွန်တော်တို့နိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၉ ဒသမ ၄ ရာခိုင်နှုန်းနဲ့ အထက်ဟာ MSME များ ဖြစ်ပါတယ်၊ မကွေးတိုင်းဒေသကြီးအနေနဲ့ပြောရင်တော့ ရာနှုန်းပြည့်နီးပါးလောက်က MSME များပဲဖြစ်ပါတယ်၊ ဒါကြောင့် တိုင်းဒေသကြီးရဲ့ စီးပွားရေး အသက်သွေးကြောဖြစ်တဲ့ MSME များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို အဘက်ဘက်ကစဉ်းစားပြီး ကြိုးစားဆောင်ရွက်ကြရပါတယ်၊ ဒီနေ့ပွဲရဲ့ အစီအစဉ်တွေကိုကြည့်တဲ့အခါ စကားဝိုင်းဆွေးနွေးပွဲတွေ၊ ကုန်စည်နဲ့ လုပ်ငန်းတွေကို စင်တင်ပွဲထုတ်တာတွေ၊ စီးပွားရေးပြိုင်ပွဲတွေ၊ Networking Game တွေ ပါဝင်တာ တွေ့ရပါတယ်၊ အထူးသဖြင့် အမှိုက်ကင်းစင်ပြီး စိမ်းစိုသောပတ်ဝန်းကျင်ကို ဖန်တီးမယ်ဆိုတဲ့အစီအစဉ်၊ စွန့်ပစ်ပစ္စည်းကို အသုံးပြုပြီး စီးပွားရေးအခွင့်အလမ်းတွေဖန်တီးမယ့် အစီအစဉ်၊ သဘာဝပတ်ဝန်းကျင်နဲ့ စီးပွားရေး အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်တွေပါဝင်ကြောင်း သိရတဲ့အတွက် အဘက်ဘက်က ပြည့်စုံကောင်းမွန်တဲ့ပွဲတစ်ပွဲဖြစ်တာကို ဂုဏ်ယူစွာတွေ့ရပါတယ်"ဟု ပြောသည်။



အခမ်းအနားတွင် ILO, Entrepreneurship and MSME Support Project မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Sponsor များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဈေးပွဲတော်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနေ့ လှုပ်ရှားမှုတစ်ရပ်ဖြစ်သည့် အဆိုပါ SME ကွန်ရက်ချိတ်ဆက် အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေနှင့် ကုမ္ပဏီများဥပဒေအကြောင်း ဟားခါး၌ ရှင်းလင်း

**ဟားခါး နိုဝင်ဘာ ၁၈**

ချင်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ သက်ဆိုင်သူများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတို့နှင့် ပတ်သက်သည့် သိကောင်းစရာများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ရှင်းလင်းပွဲတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)၏ ပံ့ပိုးကူညီမှုဖြင့် နိုဝင်ဘာ ၁၆ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အချိုးညီမျှစွာ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများသို့ အမေရိကန်ဒေါ်လာ ငါးသန်း(သို့မဟုတ်) မြန်မာငွေ ကျပ်သန်း ၆၀၀၀ အောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အတည်ပြုအမိန့် ထုတ်ပေးခွင့်ကိုလည်း ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် သဘာဝကဖန်တီးပေးသည့် ရေမြေတောတောင် အလှအပများ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်သည့်အားလျော်စွာ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်ရန် အလားအလာကောင်းများရှိသည့် ပြည်နယ်ဖြစ်ကြောင်း၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်က အမှာစကားပြောကြားပြီးနောက် ညွှန်ကြားရေးမှူး ဒေါက်တာသူဇာလွင်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအကြောင်းကိုလည်းကောင်း၊ ချင်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးက ချင်းပြည်နယ်နှင့်သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေဆိုင်ရာများကို ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ဆွေးနွေးခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# မြိတ်မြို့နယ်မှ အနံ့ဆိုးထွက်သည့် စက်ရုံများကို ပိတ်သိမ်းသွားမည်ဟု တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က နောက်ဆုံးအကြိမ်သတိပေး

**မြိတ် နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ငါးအမှုန့်ကြိတ်စက်ရုံများမှ အနံ့ဆိုးများထွက်နေခြင်းနှင့်ပတ်သက်၍ ကြိုတင်သတိပေးထားသည့်ကာလတစ်ခုကို ကျော်လွန်လာပြီ ဖြစ်သော်လည်း အနံ့ဆိုးများ ဆက်လက်ထွက်ပေါ်လျက်ရှိရာ အစိုးရအားဂရုမစိုက်ဘဲ စီးပွားရေးတစ်ခုတည်းကိုသာစဉ်းစားပြီး လုပ်ဆောင်နေသည့်အတွက် နောက်တစ်ကြိမ် အနံ့ဆိုးနံလာပါက လုံးဝပိတ်သိမ်းသည်အထိ အရေးယူမည်ဟု တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က လုပ်ငန်းရှင်များအား နောက်ဆုံးအကြိမ် သတိပေးပြောကြားခဲ့သည်။

မြိတ်မြို့နယ်အတွင်းရှိ ငါးအမှုန့်ကြိတ်စက်ရုံများနှင့် ရော်ဘာစက်ရုံများမှ အနံ့ဆိုးထွက်ရှိမှုနှင့်ပတ်သက်၍ နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "စက်ရုံများက အနံ့မနံအောင် နည်းစနစ်တွေပြောပါ၊ နည်းစနစ်တွေရှာဖွေပြီးလုပ်ပါ ဆိုလျက်သားနဲ့ ဘာဖြစ်လို့နံနေရတာလဲ၊ အစိုးရအဖွဲ့ကို ဂရုမစိုက်ဘဲ စီးပွားရေးတစ်ခုတည်းအတွက်ကိုသာ စဉ်းစားပြီး လုပ်ဆောင်နေတဲ့အတွက် နောက်တစ်ခါ နံတယ်ဆိုရင် လုံးဝပိတ်သိမ်းသည်အထိ အရေးယူပါမယ်၊ အနံ့ထွက်တာနဲ့ ပိတ်ပါမယ်၊ နိုင်ငံတော်သစ်ဆီ သွားနေတဲ့အချိန်မှာ ဒီအပြုအမူ ဒီအမူအရာတွေကို လုံးဝလက်မခံနိုင်ဘူး၊ လက်မခံနိုင်တဲ့အတွက် ပိတ်သိမ်းမယ်၊ ပိတ်သိမ်းဖို့ မလိုက်နာပါက တရားစွဲမယ်"ဟု ပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ထူးထူးတိုး၊ အဆောင်ကောင်း၊ မင်းဇာနည်၊ Vantage စသည့် ငါးအမှုန့်ကြိတ်စက်ရုံများမှ တာဝန်ရှိသူများနှင့် ဖိုးလမင်း ရော်ဘာကုမ္ပဏီမှ တာဝန်ရှိသူများကလည်း စက်ရုံလည်ပတ်ရာတွင် အနံ့ဆိုးများ ထွက်ရှိခြင်းမရှိအောင် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ ဝန်ကြီးချုပ်က အနံ့ဆိုးပပျောက်ရေးအတွက် စောင့်ကြည့်အဖွဲ့ ဖွဲ့စည်းပြီး စောင့်ကြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အနံ့ဆိုး ဆက်လက်ထွက်ပေါ်သည့် စက်ရုံများကို အပြီး ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် စက်ရုံများအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရာတွင် အနံ့ဆိုးများ ထွက်နေမည်ဆိုလျှင် မည်သည့်စက်ရုံကိုမဆို ပိတ်သိမ်းသည်အထိ အစိုးရက အရေးယူမည်ကို သိရှိကြောင်း၊ ပိတ်သိမ်းခြင်းကိုလက်မခံဘဲ ခိုးပြီးလုပ်ဆောင်လျှင် တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ကိုလည်း သိရှိကြောင်းဟု အချက်နှစ်ချက်ကိုလည်း ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ ရှေ့မှောက်တွင် စက်ရုံများမှ တာဝန်ခံများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# ကယားပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၈**

ကယားပြည်နယ်ဂုဏ်ဆောင်ခဲ့သော ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကယားပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုက ကယားပြည်နယ်၏ ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့် အားကစားသမားများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်နယ်၏ အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နည်းပြ၊ အုပ်ချုပ်သူများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအဖွဲ့ထံသို့ လာရောက်တင်ပြ ဆောင်ရွက်နိုင်ကြောင်း၊ အားကစားသမားများ၊ နည်းပြဆရာများအနေဖြင့် အားကစားနည်းအလိုက် ယခုလက်ရှိအခြေအနေထက်ပိုပြီး အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ၊ ဖိတ်ခေါ် အားကစားပြိုင်ပွဲများမှ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ခရစ်ကက်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဂျူဒို၊ ရေကူး၊ ပြေးခုန်ပစ် စသည့် အားကစားနည်းများတွင် သက်တန်းအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရရှိခဲ့ကြသည့် အားကစားသမားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဆုရအားကစားသမားများကိုယ်စား အသက် ၁၇ နှစ်အောက် ဘောလုံးအသင်း၏ အုပ်ချုပ်သူ ဦးစောသစ္စာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ထွန်းလေး**

# ဂျပန်ပြည်သူများ၏ အလှူငွေဖြင့် တည်ဆောက်ခဲ့သည့် ရိုးမအိမ်ရာကို အိမ်ရာမဲ့ပြည်သူများအား လွှဲပြောင်းပေးအပ်



**ရန်ကုန် နိုဝင်ဘာ ၁၈**

ဂျပန်ပြည်သူများ၏ အလှူငွေဖြင့် တည်ဆောက်ခဲ့သည့် ရိုးမအိမ်ရာကို အိမ်ရာမဲ့အခြေခံပြည်သူများအား လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) ရိုးမအိမ်ရာ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr.Kazuyuki Takimi ၊ JICA in Myanmar မှ Mr. Kotaro Nishigata ၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်မှ Mr. Bijay Bahadur Karmacharya တို့က အမှာစကားပြောကြားခဲ့သည်။ ရိုးမစီမံကိန်း အပိုင်း-၂ ပြီးမြောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး အိမ်ရာတွင် နေထိုင်ခွင့်ရသူများထံ နေထိုင်ခွင့်စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

"ဒီအိမ်ရာစီမံကိန်းက ဂျပန်အစိုးရရဲ့ အကူအညီနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ UN-Habitat တို့ ပူးပေါင်းအကောင်အထည်ဖော်တဲ့ အိမ်ရာစီမံကိန်းတစ်ခုဖြစ်ပါတယ်။ အဓိက က ဆင်းရဲနွမ်းပါးပြီး နေရေးအခက်အခဲရှိနေတဲ့ အခြေခံပြည်သူတွေအတွက် နေရေးတစ်ခုကို စီစဉ်ပေးတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အခုကတော့ ဒုတိယပိုင်းအစီအစဉ်တစ်ခုအနေနဲ့ အခန်း ၂၀ ပါတဲ့ အဆောက်အအုံသုံးလုံး အခန်း ယူနစ် ၆၀ ပေါ့။ အဲဒါကို နေရေးအခက်အခဲရှိနေတဲ့ ပြည်သူတွေကို စိစစ်ပြီး ရွေးချယ်ချထားပေးတာဖြစ်ပါတယ်" ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မြေကွက်အမှတ် ၁၄၁/၂ ၊ ဂရုဏာလမ်းပေါ်ရှိ မြေဧရိယာ ၀ ဒသမ ၅၈၃ အတွင်း ဆောက်လုပ်ထားသည့် အာစီအမျိုးအစား လေးခန်းတွဲ ငါးထပ်အဆောက်အအုံသုံးလုံးအပြင် စုပေါင်းခန်းမအဆောက်အအုံတစ်လုံး၊ ၃၁၅ ကေဗွီ အေထရန်စဖော်မာတစ်လုံး၊ အဝီစိတွင်းတစ်တွင်းနှင့် ၁၂၅၀၀ ဂါလန်ဆံ့ရေကန်တစ်ကန် ပါဝင်သည့် ရိုးမအိမ်ရာစီမံကိန်း (ဒုတိယအဆင့်) ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေလတွင် ပြီးစီးခဲ့ကြောင်း သိရသည်။ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်မှာ ငွေကျပ်သိန်းပေါင်း ၉၅၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

အခန်းတစ်ခန်းလျှင် ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ အပြင် ဝရန်တာပါဝင်ပြီး ဧရိယာ ၃၅၀ စတုရန်းပေ ကျယ်ဝန်းကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြနှင့်ဝေးကွာပြီး နေထိုင်စရာ နေရာအခက်အခဲရှိသူများကို ပျိုမေအိမ်လူမှုအဖွဲ့အစည်းနှင့် UN-Habitat တို့ ပူးပေါင်းစိစစ်ကာ ရွေးချယ်၍ မဲနှိုက်နေရာချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရိုးမအိမ်ရာတွင် နေထိုင်သူများ ကိုယ်တိုင်ပါဝင်သော အိမ်ရာပြုပြင်ထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းထားကာ လစဉ်ငွေကျပ်တစ်သောင်းခန့်ကို နေထိုင်သူများထံမှ ကောက်ခံ၍ ငွေကျပ်ရှစ်ထောင်ကို အိမ်ရာပြုပြင်ထိန်းသိမ်းရာတွင် အသုံးပြုရန်အတွက် ဘဏ်တွင် အပ်နှံထားမည်ဖြစ်ပြီး ငွေကျပ်နှစ်ထောင်ကို လစဉ်ရေတင်သူနှင့် စည်ပင်သာယာကြေးကဲ့သို့ အသေးသုံး ကုန်ကျစရိတ်များအတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ အခန်းဖိုးဟူ၍ သီးခြားကောက်ခံမှု မရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# မြိတ်မြို့ရှိ သမုတ်-လွတ်လွတ်တံတားကြီး တည်ဆောက်မှု ၃၁ ရာခိုင်နှုန်းပြီးစီး

**မြိတ် နိုဝင်ဘာ ၁၈**

မြိတ်မြို့တွင် ပေ ၁၀၀၀ ခန့်ကျယ်ဝန်းသည့် လွတ်လွတ်-သမုတ်မြစ်အပေါ် ဖြတ်ကျော်၍ သမုတ်-လွတ်လွတ်တံတားကြီးကို တည်ဆောက်နေပြီဖြစ်ရာ ယခုအခါ ၃၁ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါတံတားသည် သံမဏိ သံပေါင်တံတားအမျိုးအစား ဖြစ်ပြီး အရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင်အကျယ်သုံးပေစီနှင့် ရေလမ်းကင်းလွတ် အမြင့် ၁၆၄ ပေဖြစ်ကာ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် စီမံကိန်းခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း တစ်သောင်းကျော်ဖြင့် တည်ဆောက်လျက်ရှိကြောင်း စီမံကိန်းတာဝန်ရှိသူများထံမှ သိရသည်။

